http://www.dhammadownload.com

# စွန့်လွှတ်ခြင်းသည် ပါရမီ



အရှင်ဉာန္ဒြိယ (သျှင်မိုးဝေ)

http://www.dhammadownload.com

ဗုဒ္ဓဿ ပူဇံ မဟာတေဇဝန္တော

ဘုရားကိုးကွယ်၊ တန်ခိုးကြွယ်၊ အပါယ်မကျ ချမ်းသာရ။

ဓမ္မဿ ပူဇံ မဟာပညဝန္တော

တရားကိုးကွယ်၊ ပညာကြွယ်၊ အပါယ်မကျ ချမ်းသာရ။

သံဃဿ ပူဇံ မဟာတေဇဝန္တော

သံဃာကိုးကွယ်၊ ဥစ္စာကြွယ်၊ အပါယ်မကျ ချမ်းသာရ။



http://www.dhammadownload.com

ဓမ္မစကျူစာစဉ်(၁)

# စွန့်လွှတ်ခြင်းသည်
# ပါရမီ

အရှင်ဣန္ဒြိယ (သျှင်မိုးဝေ)

(ဒုတိယအကြိမ်)

ကောဇာ ၁၃၇၅ | ခရစ် ၂၀၁၃

ဓမ္မဒါန

http://www.dhammadownload.com

# သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

သို့

..................................................

..................................................

..................................................

မှ

..................................................

..................................................

..................................................

http://www.dhammadownload.com

# ကျေးဇူးတင်လွှာ

ဓမ္မစကြာအဖွဲ့ဝင်များ နှင့် ဓမ္မစကြာစာပန်းကုံး အလှူရှင်များအတွက် ဓမ္မဒါနအဖြစ် ဖြန့်ဝေသော **စွန့်လွှတ်ခြင်းသည်** ပါရမီ စာအုပ်ငယ်အား ရေးသား ချီးမြှင့်ပေးသည့် ဓမ္မစကြာအဖွဲ့ နာယကဆရာတော် အရှင်တ္ထုန္တိယ(သျှင်မိုးဝေ) နှင့် ဒုတိယအကြိမ်အဖြစ် အုပ်ရေ(၁၀၀၀) လှူဒါန်းပေးသော မဟာမြိုင်(နဝင်္ဂသုခ) မိသားစု၊ အမှတ်၉၁၊ ဘုန်းကြီးလမ်း၊ လမ်းမတော် မြို့နယ်၊ ရန်ကုန်မြို့တို့အား ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဓမ္မစကြာအဖွဲ့
(၂၁-၈-၂၀၁၃)

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ပါရမီအမှု မဖြစ်မနေပြု | ၁ |
| ၂။ | လူငယ်သုမေဓာ | ၆ |
| ၃။ | ဖြစ်လျှင်ပျက်ခြင်း ဉာဏ်အမြင်ရှင်း | ၁၁ |
| ၄။ | တစ်စတစ်စ စွန့်ဝံ့မှ | ၁၆ |
| ၅။ | စွန့်လွှတ်ခြင်းသည် ပါရမီ | ၂၀ |
| ၆။ | ပါရမီ၏အစွမ်းသတ္တိ | ၂၂ |
| ၇။ | ဒီပင်္ကရာဘုရား ကြွတော်မူလာ | ၂၄ |
| ၈။ | ဘုရားဖြစ်ရန် စိတ်အကြံ | ၂၇ |
| ၉။ | ပါရမီဖြည့်ဖက် လိုအပ်ချက် | ၂၈ |
| ၁၀။ | ဗျာဒိတ်စကား နာခံကြား | ၃၁ |
| ၁၁။ | စွန့်လွှတ်စွမ်းအား ပါရမီ(၁၀)ပါး | ၃၆ |
| ၁၂။ | နိဗ္ဗာန်ခရီး လမ်းမကြီး | ၄၀ |
| ၁၃။ | လှူဒါန်းခြင်းနှင့် စွန့်လွှတ်ခြင်း | ၄၅ |
| ၁၄။ | လှူတာကို ယူတယ်လို့မှတ် | ၄၆ |
| ၁၅။ | ဒါနအမျိုးအစား(၂)ပါး | ၄၉ |
| ၁၆။ | စေတနာ(၃)တန် ဒါနမှန် | ၅၀ |
| ၁၇။ | ဒါနပါရမီဖြင့် စွန့်လွှတ်ခြင်းများ | ၅၃ |

http://www.dhammadownload.com

၁၈။ နှစ်ပါးတွဲ ဒါနများ ၅၄
၁၉။ ခမ္မဒါနအမှုများ ၅၅
၂၀။ အာမိသဒါနအစုများ ၅၇
၂၁။ အလှူ(၂)မျိုးနှင့် တန်ဖိုး ၅၈
၂၂။ အလှူ(၃)မျိုးနှင့် တန်ဖိုးများ ၆၁
၂၃။ အလှူကောင်း(၅)မျိုး ၆၄
၂၄။ သူတော်ကောင်းအလှူ(၅)မျိုး ၆၅
၂၅။ အလှူဆိုး(၅)မျိုး ၆၆
၂၆။ ငွေမကုန်သောအလှူ(၅)မျိုး ၆၆
၂၇။ အလှူ(၈)မျိုးနှင့် တန်ဖိုးများ ၆၇
၂၈။ မြင့်မြတ်အလှူ(၈)ပါး ၆၈
၂၉။ တရားသောအလှူနှင့် မတရားသောအလှူ ၆၉
၃၀။ အလှူအကျိုး မြတ်နိုးဖွယ် ၆၉
၃၁။ လက်ငင်းအကျိုးပေးတဲ့အလှူ ၇၁
၃၂။ အလှူစင်ကြယ်ခြင်း(၄)မျိုး ၇၂
၃၃။ သဒ္ဓါဓာတ်၏အစွမ်း ၇၅
၃၄။ သဒ္ဓါဓာတ်ဖြင့် ယုံကြည်ခြင်း ၇၇
၃၅။ သဒ္ဓါရှိမှ စွန့်လွှတ်ကြ ၈၀

http://www.dhammadownload.com

# စွန့်လွှတ်ခြင်းသည် ... ပါရမီ

## ပါရမီအမှု မဖြစ်မနေပြု

မနက်ဖြန်လပြည့်နေ့ နံနက်ခင်းမှာ ဒီပင်္ကရာ မြတ်စွာဘုရားအမှူးရှိတဲ့ သံဃာ(၄)သိန်းတို့ မြို့တွင်းသို့ ဆွမ်းခံကြွတော်မူမည့်သတင်းစကားကြောင့် ရမ္မာဝတီမြို့နေ ပြည်သူလူထုတစ်ရပ်လုံးဟာ လပြည့်အကြို အဖိတ်နေ့မှာ မြို့တွင်းသန့်ရှင်းပြင်ဆင်မှုတွေကို စုပေါင်းပြုလုပ်နေကြ ပါတယ်။

အချို့က ဘုရားအမှူးရှိတဲ့သံဃာတော်တွေအတွက် ဆွမ်းလောင်းမဏ္ဍပ်တွေ အလျင်အမြန် ဆောက်လုပ်နေသလို အချို့ကလည်း ကြုံတောင့်ကြုံခဲအခွင့်အရေးမှာ ထူးခြား ဆန်းကြယ်လှစွာသော မြို့လုံးကျွတ် 'အသဒိသမဟာဒါန'

http://www.dhammadownload.com



အလှူပွဲကြီးကိုပြုလုပ်ဖို့ မဏ္ဍပ်ကြီးတွေ အပြိုင်ထိုးသူတွေက ထိုးလို့ တစ်မြို့လုံးမှာ အင်မတန် စည်ကားနေကြပါတယ်။

အမျိုးသမီး ဥပါသိကာတွေကလည်း ဓမ္မာရုံ၊ မဏ္ဍပ်တွေထဲမှာ နူးညံ့သန့်စင်တဲ့ကြာညို၊ ကြာဖြူစတဲ့ ပန်းတွေကို ကြဲဖြန့်ခင်းခြင်း၊ နံ့သာမျိုးလေးပါးနဲ့ လိမ်းကြံခြင်း၊ အေးမြချိုမြိန်တဲ့ ရေပြည့်အိုးတွေ တည်ထားပြီး မြစိမ်းရောင် ငှက်ပျောရွက်တွေနဲ့ ဖုံးအုပ်ခြင်းစတဲ့ အလုပ်တွေကို တပျော်တပါး ပြုလုပ်နေကြတယ်။

တရားဟောမဏ္ဍပ်ကြီးထဲမှာလည်း ဗိတာန် မျက်နှာကြက်တွေမှာ ရွှေကြယ်၊ ငွေကြယ်၊ ပတ္တမြား ကြယ်တွေ စီခြယ်လို့ နံ့သာပန်းဆိုင်၊ ရတနာပန်းဆိုင်တွေကို အပြိုင်းပြိုင်း ချိတ်ဆွဲထားပါတယ်။

ပြီးတော့ မြို့သူမြို့သားတွေဟာ မြို့တွင်းလမ်းဘေး ဝဲယာတစ်လျှောက်လုံးမှာ ငှက်ပျောပင်၊ ငှက်ပျောရွက်၊ ရေပြည့်အိုးတွေနဲ့ တန်ဆာဆင်ပြီး တံခွန်ကုက္ကားတွေ အပြည့်စိုက်ထူထားကြပါတယ်။

ဒီပင်္ကရာဘုရား ကြွတော်မူလာမည့်လမ်းကို မျှော်ရည်မှန်းရင်း မြို့တွင်းမြို့ပြင် လမ်းတစ်လျှောက်လုံးမှာ ရေတိုက်စားတဲ့ ချောက်ကမ်းပါးတွေကို မြေဖို့သူကဖို့၊ ညွန့်ပျောင်းထူထပ် မညီညွတ်တဲ့လမ်းတွေကို ညှိသူကညှိ၊

http://www.dhammadownload.com



ပုလဲနှိုင်းတူ သဲဖြူဖြူဖြန့်ခင်းသူကခင်း၊ ပန်းပေါက်ပေါက်ကြဲဖြန့်သူကဖြန့်၊ အသီးနှင့်ပြည့်စုံတဲ့ ငှက်ပျောပင်၊ ရွက်လှပန်းပင်တွေ စိုက်သူကစိုက်နဲ့ ဒါနပရိက်ဖြစ်တဲ့ ဗုဒ္ဓဝေယျာဝစ္စ၊ ဓမ္မဝေယျာဝစ္စ၊ သံဃာ့ဝေယျာဝစ္စအမှုကိစ္စတွေကို တပျော်တပါး စည်ကားသိုက်မြိုက်စွာ သူတစ်ပါးခိုင်းမှုကြောင့်မဟုတ်ဘဲ ကိုယ့်ဉာဏ်အသိ အဖော်ရှိလို့ ပြုလုပ်နေကြတာဟာ ရမ္မာဝတီတစ်မြို့လုံးက ပြည်သူလူထုတစ်ရပ်လုံးနီးပါးပါပဲ။

အဲ့ဒီအချိန်မှာပဲ ဂေါတမဗုဒ္ဓဘုရားအလောင်းလျာ သုမေဓာရှင်ရသေ့ဟာ ကောင်းကင်ခရီး ဈာန်ယာဉ်စီးရင်း ရမ္မာဝတီမြို့ပေါ်နားကို ရောက်ရှိလို့လာပါတယ်။ မြို့သူ၊ မြို့သားတွေဟာ တညီတညွတ် စည်ကားသိုက်မြိုက်စွာ ပျော်ပျော်ပါးပါး တခြားအလုပ်မှန်သမျှကို နောက်ကောက်ချန်ထားလျက် လမ်းကို ပြုပြင်တန်ဆာဆင်နေတဲ့ ရှုမဝ၊ အလှပန်းချီကားတစ်ချပ်နဲ့တူတဲ့မြင်ကွင်းကို မြင်ရတော့ ဈာန်ခရီးကိုရပ်နားရင်း၊ မြေပြင်ပေါ်ခြေစုံချ၊ ဆင်းကြွတော်မူပြီး ...

"အို မြို့သူမြို့သား လူအများတို့ ... သင်တို့ဟာ တခြားအလုပ်တွေကို ဘေးချိတ်ထားပြီး နှစ်သက်ရွှင်လန်းဝမ်းပန်းတသာနဲ့ ဘာကြောင့် လမ်းကိုပြုပြင် တန်ဆာ

http://www.dhammadownload.com



ဆင်နေကြတာလဲ'' လို့ မေးမြန်းစုံစမ်းလိုက်ပါတယ်။

မြို့သားတွေက…

"ဗုဒ္ဓေါ လောကေ အနုတ္တရော၊
ဒီပင်္ကရောနာမ သော ဇိနော၊
ဥပ္ပန္နော လောကနာယကော၊
တဿ သောဓိယတိ မဂ္ဂေါ''

"အို … အရှင်ရသေ့၊ လောက၌ တုဘက်ပြိုင်ကင်းမာရ်ငါးစင်းကို အောင်မြင်တော်မူပြီးသော၊ တစ်လောကလုံးညွှတ်ရုံးဦးခ၊ အထွတ်ဆုံးကျသော ဒီပင်္ကရာမြတ်စွာဘုရားရှင်သည် ပွင့်ထွန်းတော်မူနေပြီ။

ထိုအရှင်မြတ်ဘုရား ချမ်းသာစွာ ကြွသွားတော်မူရန်အလို့ငှါ အကျွန်ုပ်တို့ဟာ လမ်းခရီးကို ပြုပြင်တန်ဆာဆင်နေခြင်း ဖြစ်ပါတယ်''လို့ ဖြေကြတယ်။

သုမေဓာရှင်ရသေ့ဟာ မြို့သူမြို့သားတွေထံက အဖြေစကားထဲမှာ "ဘုရား''ဆိုတဲ့ အသံလေးကို ကြားလိုက်ရတာမို့ တစ်ကိုယ်လုံး တသိမ့်သိမ့်တုန်လောက်အောင်ကြက်သီးထရင်း စိတ်နှလုံး ရွှင်ပြုံးလန်းဆန်းကာ ပီတိအကြိမ်ကြိမ် ဆွတ်ဖျန်းလိုက်သလို ခံစားရပါတယ်။

တစ်ဆက်တည်းမှာပဲ ရင်တွင်းမှာမဆံ့လို့ ပျို့အန်ထွက်ကျလာသည့်ပမာ နှုတ်တော်ကနေ "ဘုရား''၊

http://www.dhammadownload.com



"ဘုရား"၊ "ဘုရား"ရယ်လို့ ရေရွတ်မြွက်ဆိုမိလျက်သား ဖြစ်သွားပြီး အလွန့်အလွန် ရွှင်ပြုံးချမ်းသာလွန်းလှတဲ့ 'စေတသိကသုခဝေဒနာ'ကို ရရှိခံစားတော်မူပါတယ်။

သြော်... 'အချိန်အခါလို့ခေါ် ကာလပညတ်တရားနဲ့ အလောင်းတော်မြတ်ရဲ့သန္တာန်မှာ ဆာလောင်နှိုးဆော်နေခဲ့တဲ့ ပါရမီနှလုံးသားဓာတ်တို့ဟာ ဒီနေ့၊ ဒီအချိန်၊ ဒီမြို့နေရာပေါ်မှာ ဘယ်တုန်းကများ ချိန်းချက်ထားပါသိ' လို့ မေးရမလိုပါပဲ။

ဘာလို့လဲဆိုတော့... ဒီပင်္ကရာဘုရားရှင် ပွင့်ထွန်းတော်မူတဲ့အချိန်ဟာ လူတွေရဲ့ အသက်တမ်း အနှစ်တစ်သိန်း ရှည်ကြာချိန်ပါ။ သို့ပေမယ့်လို့ အလောင်းတော်ရသေ့မြတ်ဟာ တောထွက်ရသေ့ဝတ်ပြီး ရရှိထားတဲ့ ဈာန်အဘိညာဉ်တွေနဲ့ မွေ့လျော်ကာ လူ့ရပ်ဌာနေကို ဂရုမစိုက်တော့ဘဲ ကောင်းကင်နဲ့ တောအရပ်ထဲမှာပဲ ဈာန်ယာဉ်စီးပြီး လှည့်လည်ကျက်စား သွားလာနေထိုင်ခဲ့တာပါ။

ဒါ့ကြောင့် လူ့ရပ်ဌာနေမှာ ဘုရားပွင့်တော်မူလာတာ၊ တရားဦးဓမ္မစကြာ ဟောတော်မူတာတွေကို မသိနိုင်ခဲ့ဘူးလေ။ အခုလို ရမ္မာဝတီမြို့သူမြို့သားတွေထံ ဘုရားရှင် ကြွတော်မူလာလို့ မြို့သားတွေ လမ်း ပြင်ဆင်

http://www.dhammadownload.com



နေခိုက်နဲ့ကြုံလို့သာ 'ဘုရား' ဆိုတဲ့ သတင်းစကား အခွင့်ထူးကို ကြားသိလိုက်တာပါ။

အလောင်းတော်ရသေ့မြတ်ဟာ တဒင်္ဂအတွင်းမှာပဲ 'ဘုရား'ဆိုတဲ့ စကားသံအထူးက သူ့ရင်တွင်းက အရင်းခံပါရမီစိတ်ဓာတ်ကို ကိုင်လှုပ်နှိုးလိုက်သလို ဖြစ်သွားတာကြောင့် အတိတ်က ဖြတ်သန်းခဲ့သမျှ အရိပ်ပမာ ဘဝခရီးလမ်းရဲ့ တောတန်းရှည်ကြီးဆီသို့ ပြန်လည်ငေးမောရင်း မျှော်တွေးကြည့်လိုက်မိပါတယ်။

× × × × × × × × ×

## (၂)
## လူငယ်သုမေဓာ

"အမောင်သုမေဓာ၊ အခုပဲ ကျွန်တော်မျိုးနဲ့အတူ လိုက်တော်မူလှည့်ပါ"၊

မိဘနှစ်ပါးစလုံး ကွယ်လွန်သွားခဲ့တာ ရက်သတ္တပတ်မျှသာ ကြာသေးတယ်။ မိဘနှစ်ပါး သက်ရှိထင်ရှားရှိစဉ်ကတည်းက အိမ်တော်ထိန်းရာထူး ယူထားတဲ့ ဘဏ္ဍာတော်ထိန်းကြီးဟာ လက်ထဲမှာ စာဖိုင်တွဲကြီးတစ်ခုကို ပွေ့ပိုက်ရင်း သုမေဓာမျိုးရိုးထဲက တစ်ဦးတည်းသောသား မောင်သုမေဓာလေးကို သူ့နောက်လိုက်ဖို့ ခေါ်လိုက်ပါတယ်။

http://www.dhammadownload.com



မောင်သုမေဓာလည်း အိမ်တော်ကြီးတစ်ခုလုံးရဲ့ ဘဏ္ဍာတော်ထိန်းကြီး အခုလိုလာခေါ်တာ အကြောင်းထူး တစ်ခုခု ပြောစရာရှိလို့ဖြစ်မယ်တွေးပြီး ထွေထွေထူးထူး မေးမနေတော့ဘဲ ချက်ချင်း ထလိုက်သွားခဲ့တယ်။

ဘဏ္ဍာတော်စိုးကြီးက မောင်သုမေဓာလေးရဲ့ မိဘ၊ ဘိုးဘွားစဉ်ဆက်ထားရှိခဲ့တဲ့ အိမ်ကြီးရဲ့ လျှို့ဝှက်ခန်းတွေ ရှိရာကို ခေါ်ဆောင်သွားတယ်။ လျှို့ဝှက်ခန်းတွေထဲမှာ တွေ့လိုက်ရတာက အရောင်အလျှံတွေ တဖိတ်ဖိတ်ထနေတဲ့ ရွှေတွေ၊ ငွေတွေ၊ စိန်တွေ၊ ပတ္တမြားတွေ၊ ပုလဲလုံးတွေဟာ အသွင်သဏ္ဌာန်မျိုးစုံနဲ့ ပိုင်ရှင်အသစ်ဖြစ်သူ မောင်သုမေဓာ လေးကို အပြုံးပန်းတွေ အစီအရီဖြင့် ဆီးကြိုနှုတ်ဆက် နေသလိုပါပဲ။

ဘဏ္ဍာတော်စိုးကြီးလည်း မောင်သုမေဓာလေး အရှေ့မှာ ရှိနေတဲ့ ရတနာသေတ္တာတွေထဲက ပစ္စည်းမျိုးစုံကို လက်ညှိုးထိုးရင်း အသင့်ပါလာတဲ့ စာဖိုင်ဟောင်းကြီးကို ဖွင့်ကာ "အရှင် ... သုမေဓာ၊ ဒီရွှေ၊ဒီမျှ ခေတ်တန်ကြေး အဖိုးထိုက်တဲ့ ဒီရတနာပစ္စည်းတွေကတော့ အရှင့်အမေရဲ့ ကိုယ်ပိုင်ပစ္စည်းတွေပါ၊ ဒီရတနာပစ္စည်းတွေကတော့ အရှင့်အဖေရဲ့ ကိုယ်ပိုင်ပစ္စည်းတွေပါ၊ ဒီရတနာပစ္စည်းတွေ ကတော့ အရှင့်ရဲ့အဘိုး၊ အဘွားတွေအထံက အရှင့်မိဘ

http://www.dhammadownload.com



နှစ်ပါး အမွေဆက်ခံရရှိထားတဲ့ ပစ္စည်းတွေပါ။ ဒီရတနာ ပစ္စည်းတွေကတော့ အရှင့်ရဲ့အဘေးတွေအထိက...။ ဒီရတနာပစ္စည်းတွေကတော့ အရှင့်အဘိုးတွေအထိက.....။

စာဖိုင်အဟောင်းကြီးထဲက ရှိရှိသမျှ ရွှေ၊ ငွေ စာရင်း မှတ်တမ်းတွေကို လှန်လှောရင်း ရတနာသေတ္တာတွေကို စစ်ဆေးပြီး ဘဏ္ဍာတော်စိုးကြီးက တစ်ခုချင်းစီ ရေတွက် ပြနေတာပါ။

အရှင်မင်းသား ဒီရတနာပစ္စည်းအားလုံးရဲ့ ကာလ တန်ကြေးဟာ သိန်းသန်းကုဋေ အဖိုးထိုက်တန်ပါတယ်။ ဒီရတနာပစ္စည်းတွေအားလုံးရဲ့ အရှင်သခင်အသစ်ဟာ ဒီကနေ့၊ ဒီအချိန်ကစလို့ 'အရှင်သုမေဓာ'ပါပဲ။ အရှင်ရဲ့ အလိုကျ ဒီပစ္စည်းဥစ္စာတွေအားလုံးကို စီမံအသုံးပြုတော် မူပါ"။

ဘဏ္ဍာစိုးကြီးရဲ့ ရေရွတ်၊ ပြောဆိုနေသံတွေဟာ ပြီးဆုံးလို့ သွားခဲ့ပါပြီ။ စကားသံတွေ ရပ်စဲသွားပြီမို့ ရတနာသိုက် တိုက်ခန်းကြီးထဲမှာ တဒင်္ဂအတွင်း တိတ်ဆိတ် ငြိမ်သက်သွားပါတယ်။

မောင်သုမေဓာလေးရဲ့ နားထဲမှာတော့ ဘဏ္ဍာ တော်ထိန်းကြီးပြောနေတဲ့ စကားတွေအားလုံးထဲက "ဒီရတနာပစ္စည်းတွေကတော့ ... ဒီရတနာပစ္စည်းတွေ

http://www.dhammadownload.com



ကတော့ …”ဆိုတဲ့ စကားလုံးတွေဟာ ခုချိန်ထိတိုင် အဆုံးမသတ်နိုင်ဘဲ ပီပြင်ထင်ရှားစွာ ဆင့်ကဲဆင့်ကဲ ကြားနေရဆဲပါ။ ခဏအကြာမှာတော့ မောင်သုမေဓာလေးဟာ 'ကောင်းပါပြီ၊ ဘဏ္ဍာစိုးကြီး'လို့ ပြောဆိုရင်း ဘဏ္ဍာစိုးကြီးအပ်နှံတဲ့ ပစ္စည်းမှတ်တမ်းကို လက်ခံယူလိုက်ပါတယ်။

မောင်သုမေဓာလေးဟာ ဘဏ္ဍာတိုက်တွေထဲက ရှိရှိသမျှ ရတနာပစ္စည်းအသီးသီးတွေရဲ့ စာရင်းမှတ်တမ်းစာအုပ်ကို လက်ထဲမှာ ပွေ့ပိုက်ထားရင်းက နေရာမရွေ့သေးဘဲ အခုလို စဉ်းစားဆင်ခြင်နေမိတယ်။

“ဪ… သွားလေပြီဖြစ်တဲ့ ငါရဲ့အဖေနဲ့အမေ၊ အဘိုးနဲ့အဘွား၊ ဆွေမျိုးခုနစ်ဆက်လုံးဟာ ဤမျှများပြားလွန်းလှတဲ့ ပစ္စည်းဥစ္စာတွေကို အပတ်တကုတ် ရှာဖွေအားထုတ်ကြပြီးတော့ သူတို့နောက်ကို တစ်ကျပ်၊ တစ်ပြားမျှ ပါအောင် မယူဆောင်သွားနိုင်ကြပါလား။

ဒီလိုဆိုရင် ငါ့အနေနဲ့ ငါ ကွယ်လွန်တဲ့အခါမှာ ငါ့မိဘဘိုးဘွားပိုင်ပစ္စည်းတွေ တစ်ကျပ်၊ တစ်ပြားမျှ မကျန်ရစ်ရလေအောင် ယူဆောင်သွားနိုင်ဖို့ ငါ လုပ်ဆောင်သင့်တယ်”။

မောင်သုမေဓာလေးဟာ အခုလို အရွယ်ငယ်စဉ်

http://www.dhammadownload.com



တုန်းမှာပဲ မိဘနှစ်ပါးစလုံး ဆုံးပါးသွားခဲ့ပြီဖြစ်ပေမယ့် မိဘမျိုးရိုးထဲက ပုဏ္ဏားတို့တတ်သင့်တဲ့ ဗေဒင်ပညာနဲ့ သဒ္ဒါ၊ ဆန်းစတဲ့ ကျမ်းတွေကို တစ်ဖက်ကမ်းခပ် သင်ယူတတ်မြောက်ပြီး ဖြစ်ပါတယ်။

ရုပ်ရည်ဥပဓိကလည်း ခန့်ငြားချောမောသလို၊ ဥစ္စာဓနလည်း ပေါကြွယ်ဝသူဖြစ်လေတော့ လောကမျက်နှာကြက်အပေါ်မှာ ကနုတ်ပန်းခက်အလှတွေနဲ့ ဆင်ယင်ခြယ်သထားသလို အစစအရာရာ ဘဝပြည့်စုံလှပနေသူပါ။

ဒါကြောင့် မောင်သုမေဓာဟာ တခြားစီးပွား၊ လူမှုတွေကို လုံးဝစိတ်ဝင်စားတော့ခြင်းမရှိဘဲ တစ်နေ့ပြီး တစ်နေ့ သူ့နားထဲမှာ ဘဏ္ဍာစိုးကြီးပြောခဲ့တဲ့ 'ဒီရတနာ ပစ္စည်းတွေကတော့...' ဆိုတဲ့စကားကိုပဲ စိတ်ဝင်တစား စဉ်းစားရင်း အဖြေရှာနေခဲ့မိတယ်။

သူ့လက်ထက်မှာ မိဘ၊ ဘိုးဘွားတွေ ရှာဖွေစုဆောင်းခဲ့တဲ့ ပစ္စည်းဥစ္စာအပေါင်းကို သူ့နောက်လိုက်ပါနိုင်အောင် ဘယ်လိုနည်းနဲ့ ယူဆောင်သွားနိုင်မလဲ' ဆိုတဲ့ မေးခွန်းရဲ့အဖြေကိုလည်း အကြိမ်ပေါင်း မရေတွက်နိုင်အောင် စဉ်းစားနေမိတယ်လေ။

မကြာတော့မယ့် အချိန်တိုအတွင်းမှာပဲ သူလည်း

http://www.dhammadownload.com



မိဘနှစ်ပါးလို အဘိုးတွေနဲ့အဘွားတွေလို သူ့အဆွေတွေနဲ့ ဆွေစဉ်မျိုးဆက် ခုနစ်ဆက်လုံးလိုပဲ အရာအားလုံးကို ရက်ရက်ရောရော (မစွန့်ချင်လည်း) စွန့်ပစ်ထားခဲ့ပြီးမှ လက်ချည်းဗလာအဖြစ်နဲ့ ဘာတစ်ခုမှ ယူမသွားနိုင်မှာကို စိုးရိမ်ကြောက်ရွံ့နေတယ်လေ။

ဘုရားဟောကျမ်းဂန်တွေထဲမှာ 'အဿကော လောကော သဗ္ဗံ ပဟာယ ဂမနီယံ–ဒီလူသားတွေ အားလုံးဟာ အရာအားလုံးကို စွန့်လွှတ်ခဲ့ပြီးသွားရမှာ' ပဲတဲ့။

ဒါကြောင့် သူကြံစည်စဉ်းစားလို့ ရသမျှနည်းလမ်းတွေနဲ့ သူ့အိမ်မှာ နေ့စဉ်နေ့တိုင်းပဲ အလှူဒါနမှုတွေ တစ်ခုပြီးတစ်ခု ပြုလုပ်လှူဒါန်းနေမိတော့တယ်။

တစ်နေ့မှာတော့ မောင်သုမေဓာဟာ နေအိမ်အပေါ်ထပ်မှာ တစ်ယောက်တည်း ထက်ဝယ်ဖွဲ့ခွေထိုင်နေရင်း ဘဝသံသရာကပါလာတဲ့ ပညာပါရမီအစွမ်းနဲ့ အခုလို စူးစမ်းဆင်ခြင် စဉ်းစားနေမိပါတယ်။

## ဖြစ်လျှင်ပျက်ခြင်း ဉာဏ်အမြင်ရှင်း

"ဘဝသစ်မှာ ဖြစ်လာရခြင်း (တစ်ဖန်မွေးဖွားခြင်း)သည် ဆင်းရဲလှပေ၏။ ရရှိထားသော ဘဝခန္ဓာကိုယ် ပျက်စီးရခြင်း(သေဆုံးခြင်း)သည်လည်း ဆင်းရဲလှ၏။

http://www.dhammadownload.com



အိုခြင်းတရားသည် လွှမ်းမိုးနှိပ်စက်အပ်သည်ဖြစ်၍ တွေတွေဝေဝေ သေရခြင်းသည်လည်း ဆင်းရဲလွန်းလှ၏။ ဒါကြောင့် မွေးဖွားခြင်း၊ အိုမင်းခြင်းသဘောရှိသောငါသည် မသေခင်မှာ မအိုရာ၊ မသေရာ အငြိမ်းဓာတ် နိဗ္ဗာန်တရားမြတ်ကို ရှာသင့်လှပေ၏။

ကျင်ငယ်၊ ကျင်ကြီး၊ ပြည်၊ သွေး၊ သည်းခြေ၊ သလိပ်၊ ချွဲ၊ တံတွေး၊ နှပ် စသော အထူးထူးသော အပုပ်မျိုးတို့ဖြင့် ပြည့်နေသော ဤကိုယ်ကောင်ပုပ်ကို ငါသည် မငဲ့မကွက် အလိုမရှိဘဲ ရက်ရက်ရောရော စွန့်လွှတ်၍ သွားနိုင်ပါမူ ကောင်းလှပေမည်။

ထိုအငြိမ်းဓာတ်နိဗ္ဗာန်သို့ရောက်ကြောင်း ခရီးလမ်းသည် ဧကန်စင်စစ် ရှိပေမည်။ ထိုလမ်းသည် မရှိဘဲ နေခြင်းငှါ မဖြစ်နိုင်ချေ။ ဘဝအနှောင်အဖွဲ့မှ လွတ်မြောက်ရန် အလို့ငှါ ထိုနိဗ္ဗာန်ရောက်ကြောင်း လမ်းခရီးကောင်းကို ငါ ရှာဖွေပေတော့အံ့။

(၁) လောက၌ ဆင်းရဲတရား ထင်ရှားရှိလျှင် ချမ်းသာတရားလည်း ထင်ရှားရှိသကဲ့သို့...

ဝဋ္ဋဒုက္ခဖြစ်ခြင်းထင်ရှားရှိသော် ဝဋ္ဋဒုက္ခ မဖြစ်ခြင်း (နိဗ္ဗာန်)လည်း ထင်ရှားရှိမည်သာတည်း။

(၂) လောက၌ အပူရှိလျှင် အအေးလည်း ရှိရ

http://www.dhammadownload.com



သကဲ့သို့ ရာဂ၊ ဒေါသ၊ မောဟမီးသုံးပါး ထင်ရှားရှိလျှင် မီးငြိမ်း (နိဗ္ဗာန်)တရားလည်း ထင်ရှားရှိပေမည်။

(၃) လောက၌ မကောင်းမှုတရားထင်ရှားရှိလျှင် ကောင်းမှုတရားလည်း ထင်ရှားရှိသကဲ့သို့ ... မွေးဖွားခြင်းတရားထင်ရှားရှိသော် မမွေးဖွားရာ(နိဗ္ဗာန်)လည်း ထင်ရှားရှိပေမည်။

အဲ့သလို လောကကိုဆန့်ကျင်တော်လှန်ပြီး စွန့်လွှတ် နိုင်ပါမှ လောကကမ်းတစ်ဖက် နိဗ္ဗာန်(ချမ်းသာ)တရားထူး တရားမြတ်ကို ရရှိနိုင်မှာဖြစ်ကြောင်း ဓမ္မဓိဋ္ဌာန်ကျတဲ့ နည်းလမ်းကို စဉ်းစားပြီးတဲ့အခါမှာ နောက်ထပ်တစ်ဖန် ဓမ္မရှိရာကို သိပါလျက်နှင့် ကျင့်သုံးခြင်းမပြုပါက ပုဂ္ဂိုလ်၏ ညံ့ဖျင်းမှုသာဖြစ်ကြောင်း ပုဂ္ဂလဓိဋ္ဌာန် နည်းလမ်းကောင်း ကိုလည်း အခုလို စဉ်းစားကြံစည်တော်မူပြန်ပါတယ်။

(၁) အကယ်၍ ... မစင်တွင်းမှာ ကျရောက်ပြီး မစင်ငြိကပ်နေသူသည် သူ့မျက်စိရှေ့မှာကြည်လင်သော ရေကန်ကြီးကို မြင်ရပါလျက် ထိုရေကန်ကြီးသို့ သွားရန် လမ်းကို မရှာဖွေမိပါက ရေကန်ကြီး၏ အပြစ်မဟုတ်။ ထိုလူညံ့၏အပြစ်သာ ဖြစ်ရာသကဲ့သို့...

ထို့အတူ ကိလေသာအညစ်အကြေးတို့ကို ဆေး

http://www.dhammadownload.com



လျှော်ရာ နိဗ္ဗာန်တည်းဟူသောရေကန်ကြီး ထင်ရှားရှိပါလျက် ထိုရေကန်ကို မရှာဖွေမိပါက ရေကန်၏အပြစ်မဟုတ်ပေ။

(၂) အကယ်၍ ... ရန်သူတို့ ဝိုင်းရံထားခြင်းကို ခံရသူသည် ထွက်ပြေးတိမ်းရှောင်ရာ လမ်းပေါက်ရှိပါလျက်နှင့် ထွက်သွားခြင်းမပြုလျှင် လမ်း၏အပြစ်မဟုတ်။ ထိုလူညံ့၏အပြစ်သာ ဖြစ်ရာသကဲ့သို့...

ထို့အတူ ကိလေသာရန်သူတို့လက်မှ လွတ်မြောက်ရာ နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်လမ်းကြီး ထင်ရှားရှိပါလျက် ထိုလမ်းသို့ မသွားပါက လမ်း၏အပြစ် မဟုတ်ပေ။

(၃) အကယ်၍ အနာရောဂါ ဖြစ်ပွားနေသူသည် ဆေးဆရာကောင်း ထင်ရှားရှိပါလျက် ထိုရောဂါကို မကုစားခဲ့လျှင် ဆေးဆရာ၏အပြစ်မဟုတ်။ ထိုလူညံ့၏အပြစ်သာ ဖြစ်ရာသကဲ့သို့...

ထို့အတူ ကိလေသာအနာရောဂါတို့ဖြင့် အနှိပ်စက်ခံနေရသူသည် ကိလေသာငြိမ်းကြောင်း မဂ္ဂင်လမ်း၌ ကျွမ်းကျင်သောဆရာကို မရှာဖွေပါက ဆေးဆရာ၏ အပြစ်မဟုတ်တော့ပေ။

အလောင်းတော် သုမေဓာပညာ နောက်တစ်ဖန် မိမိ၏ဘဝခန္ဓာနှင့်အတူ မိမိပိုင်စည်းစိမ်ဥစ္စာများ အပါအဝင်

http://www.dhammadownload.com



အရာအားလုံးကို မငဲ့မကွက်စွန့်ပစ်မှသာ ထာဝရချမ်းသာရာ နိဗ္ဗာန်သို့ ရောက်ရှိနိုင်မည်ဖြစ်ကြောင်းကို အခုလို ပညာဖြင့်ပူးပေါင်းကာ နှလုံးသွင်း ဆင်ခြင်တော်မူပြန်ပါတယ်။

(၁) လောက၌ လှပချင်သူ လူတစ်ယောက်သည် လည်၌ဆွဲအပ်သော စပ်ဆုပ်ဖွယ်အကောင်ပုပ်ကို ဖြေချွတ်၍ အလိုရှိရာသို့ ချမ်းသာစွာ သွားသကဲ့သို့ ငါသည်လည်း အထူးထူးသော အပုပ်မျိုး၊ ပိုးမျိုးတို့၏ စုဝေးရာ ဤဘဝ ခန္ဓာအကောင်ပုပ်ကို စွန့်ပစ်၍ မငဲ့မကွက်ဘဲ နိဗ္ဗာန်သို့ ချမ်းသာစွာ သွားသင့်ပေ၏။

(၂) ကျင်ကြီးစွန့်ရာအရပ်၌ မိန်းမယောက်ျား တို့သည် မိမိစွန့်ပစ်ခဲ့သောကျင်ကြီးတို့ကို ပြန်ငဲ့မကြည့်ဘဲ သွားသကဲ့သို့ ငါသည်လည်း ဤဘဝခန္ဓာကောင်ကြီးကို စွန့်လွှတ်ပြီး လည်ပြန်လှည့်မကြည့်ဘဲ နိဗ္ဗာန်သို့ သွားသင့်ပေ၏။

(၃) အိုမင်းဆွေးမြည့်ပြိုပျက်လျက် ရေတဖျင်ဖျင် ယိုစီးဝင်နေသော လှေအိုပျက်ကြီးကို ပိုင်ရှင်တို့သည် မငဲ့မကွက် စွန့်လွှတ်၍ သွားကြသကဲ့သို့ ငါသည်လည်း ကိုးပေါက်ဒွါရ အမာဝတို့မှ အမြဲတစေ မစင်ကြယ်သော အရာတို့ ယိုစီးစိမ့်ထွက်ကျနေသော ဤကိုယ်ခန္ဓာကြီးကို ရက်ရောစွာ စွန့်လွှတ်၍ နိဗ္ဗာန်သို့ သွားသင့်လှပေ၏။

http://www.dhammadownload.com



(၄) ခိုးသားတို့နှင့်အတူ ခရီးသွားမိသောယောက်ျား သည် ဘဏ္ဍာကို လုယူဖျက်ဆီးမည့်ဘေးကို မြင်၍ ခိုးသူ တို့ကို စွန့်လွှတ်ကာ ဘေးလွတ်ရာရှောင်တိမ်းသွားသကဲ့သို့ ငါသည်လည်း ကုသိုလ်ဥစ္စာရတနာတို့ကို လုယူဖျက်ဆီးခံ ရမည့်အရေး တွေး၍ ဤခန္ဓာကိုယ်ကို စွန့်လွှတ်ကာ ဘေးလွတ်ရာနိဗ္ဗာန်သို့ ရှောင်တိမ်းသွားသင့်လှပေ၏။

## တစ်စတစ်စ စွန့်ဝံ့မှ

အလောင်းတော် သုမေဓာဟာ **'တစ်စတစ်စ၊ စွန့်ဝံ့မှလျှင်၊ ဘဝနှောင်နှောင်း၊ ဆက်တိုင်းကောင်း'**၏ ဆိုတဲ့ ရှေးသူတော်ကောင်းတို့၏ ထုံးဟောင်းကို နှလုံးမူကာ ဘဝခန္ဓာနှင့် စည်းစိမ်ဥစ္စာတည်းဟူသော ဤမှာ ဘက်ကမ်းကို အပြီးတိုင်စွန့်လွှတ်ပစ်နိုင်ခဲ့ပါမှ မိမိလိုရာ ထာဝရချမ်းသာ နိဗ္ဗာန်တည်းဟူသော ဟိုဘက်ကမ်းသို့ ရောက်ရှိနိုင်မည့်အကြောင်းကို ဉာဏ်နှင့် ပူးပေါင်းတိုင်ပင်မှု ပြုပြီးသွားတဲ့အခါ...

"ငါ၏ အမေ၊ အဖေ၊ အဘိုး၊ အဘွား ဆွေမျိုး (၇)ဆက်တို့သည် ဤမျှ များပြားလှစွာသော ပစ္စည်းဥစ္စာ ရတနာတို့ကို စုဆောင်းရှာဖွေရုံသာ ပြုနိုင်ကြလျက် တမလွန်လောကသို့ သွားကြသောအခါ တစ်ပြားတစ်ချပ်မျှ

http://www.dhammadownload.com



ယူမသွားနိုင်ကြကုန်။ ငါသည်ကား နိဗ္ဗာန်သို့တိုင်အောင် ယူဆောင်သွားနိုင်ကြောင်း နည်းကောင်းတစ်ခုကို ပြုလုပ်အားထုတ်ပေတော့အံ့ ''လို့ ကြံစည်ဆုံးဖြတ်ပြီး ဘုရင်မင်းမြတ်အထံ သွားပါတယ်။

"အရှင်မင်းမြတ်၊ အကျွန်ုပ်သည် ဘဝခန္ဓာ တစ်ဖန်ပြန်ဖြစ်ရခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းတရားတို့ နှိပ်စက်ခံရပုံကို ဉာဏ်နှင့် ဆင်ခြင်မိလို့ စိတ်ထဲစွဲထင်သိမြင်ကြောက်ရွံ့နေခဲ့ပါပြီ။ ထို့ကြောင့် လူ့လောကကို စွန့်လွှတ်ပြီးတောထွက်ကာ ရသေ့ပြုလိုပါသည်။

အကျွန်ုပ်မှာ ကုဋေရာပေါင်းများစွာသော ပစ္စည်းဥစ္စာတို့ ရှိပါသည်။ ထိုဥစ္စာစုကို မင်းကြီးပင် သိမ်းပိုက်ယူတော်မူပါ''လို့ အပ်နှံလျှောက်ထားပါတယ်။

မင်းကြီးက "အမောင်သုမေဓာ၊ သင့်ရဲ့ဥစ္စာကို ငါအလိုမရှိ၊ သင်သာ အလိုရှိတိုင်းပြုပါလေ''လို့ ငြင်းဆိုလိုက်ပါတယ်။

အလောင်းတော်သုမေဓာလည်း "ကောင်းပါပြီမင်းကြီး''လို့ ဝန်ခံကာ အမရဝတီ မင်းနေပြည်တော်တစ်ခုလုံးမှာ ပစ္စည်းဥစ္စာရတနာအသီးသီးကို အလိုရှိသူပြည်သူလူထုအများ လာရောက်အလှူခံကြပါလို့'' အလှူစည်ကြီး ရိုက်တီးကြေငြာပြီး တစ်တိုင်းပြည်လုံးကို အလှူ

http://www.dhammadownload.com



ပေးကာ မိမိပိုင်ပစ္စည်းဥစ္စာတွေအားလုံးကို ရက်ရက်ရောရော ရှောရှောရှူရှူ ပြတ်ပြတ်သားသားစွန့်လွှတ်တော်မူပြီး ဟိမဝန္တာ တောသို့ ထွက်ခွာကာ ရသေ့ပြုနေပါတော့တယ်။

အလောင်းတော်ရသေ့မြတ်ဟာ တောထဲမှာ မနေမနား တရားကျင့်ကြံအားထုတ်တော်မူခြင်းကြောင့် (၇)ရက်အတွင်းမှာပဲ လောကီစျာန်၊ သမာပတ်(၈)ပါးနှင့် အဘိညာဉ်(၅)ပါးတို့ကို ရရှိတော်မူပါတယ်။

ဒါ့ကြောင့်လည်း "**စွန့်လွှတ်ခြင်းသည် သူတော်ကောင်းတို့၏စွမ်းအား**" လို့ ဆိုတာကိုး။ အလောင်းတော်သူမြတ်ကြီးတို့၏လမ်းစဉ်ဟာ စွန့်လွှတ်ခြင်းလမ်းဖြစ်ပြီး၊ လောကသားတို့၏လမ်းစဉ်ကတော့ ရယူသိမ်းပိုက်ခြင်းလမ်းဖြစ်နေတာမို့ အရှေ့နဲ့အနောက်၊ တောင်နဲ့မြောက် ဆိုသလို ဆန့်ကျင်နေပါတယ်။

အလောင်းတော်သူမြတ်ကြီးများဟာ ဘာကြောင့် လောကသားတွေနဲ့ ဆန့်ကျင်ဘက်လမ်းကိုမှ ရွေးပြီး လျှောက်လှမ်းတော်မူကြရပါလဲ။ ရွေးရှုတူရာလမ်းကို ရွေးပြီးလျှောက်လှမ်းလို့ မရနိုင်ဘူးလားဆိုတာ မေးခွန်း ထုတ်စရာ ဖြစ်နေခဲ့ပါတယ်။

တကယ်တော့ လောကသားတွေဟာ မွေးဖွားချိန်မှ သေဆုံးသည်အထိ နေ့နေ့ညည ဟူသမျှမှာ မရှိသေးတဲ့

http://www.dhammadownload.com



စည်းစိမ်ဥစ္စာတွေကို ရှိလာအောင် ရှာဖွေစုဆောင်းပြီး၊ ရှိပြီးစည်းစိမ်ဥစ္စာတွေကိုလည်း တိုးပွားလာအောင်ပဲ ကြိုးစားအားထုတ်ကြရပါတယ်။

လူ့လောကမှာ စည်းစိမ်ဥစ္စာတွေ တိုးပွားပြည့်စုံလာလို့ မိဘဘိုးဘွားမျိုးရိုးအစဉ်အဆက် တည်မြဲအောင် ထိန်းသိမ်းထားနိုင်ဦးတော့၊ ကိုယ်သေသွားတဲ့အခါမှာ (သားသမီးတွေထည့်ပေးမယ့် သနားစာကူးတို့ခမှလွဲရင်) လက်ချည်းဗလာနဲ့ ဘာတစ်ခုမျှကို ယူဆောင်မသွားနိုင်ကြရှာပါဘူး။

ဒါ့ကြောင့်လည်း ရှေးယခင်ပညာရှိကြီးများက **'အထုပ်ကလေးတပြင်ပြင်၊ အထုပ်ရှင်မှာ သေလို့သွား၊ ကျန်တဲ့သူတွေဝေမျှစား'** လို့ ဆိုထားတယ် မဟုတ်လား။

ဒီတစ်ချက်ကပဲ လောကသားတို့ရဲ့ ရှာဖွေခြင်း၊ ရယူသိမ်းပိုက်ခြင်းမှာ "ကိုယ်တကယ်မပိုင်ဆိုင်နိုင်ခြင်း" အားနည်းချက်(ဟာကွက်)ကို ဖော်ပြနေခဲ့တာကြောင့် အလောင်းတော်မြတ်ကြီးများအတွက် လောကရဲ့ ဆန့်ကျင်ဘက်စွန့်လွှတ်ခြင်းလမ်းကို ရွေးချယ်ဖို့ တွန်းအားတစ်ရပ် ဖြစ်နေခဲ့ပါတယ်။

× × × × × × × × ×

http://www.dhammadownload.com



## (၃)

## စွန့်လွှတ်ခြင်းသည် ပါရမီ

အလောင်းတော် သုမေဓာရသေ့မြတ်ဟာ ရမ္မာဝတီမြို့သူ၊ မြို့သားတို့ထံက 'ဘုရား'ဆိုတဲ့ စကားသံရဲ့ ဖိတ်ခေါ်ခံလိုက်ရမှုကြောင့် ကောင်းကင်ယံဗျာန်ခရီးမှ ချက်ချင်းသက်ဆင်းပြီး အခုလို ဆင်ခြင်နှလုံးသွင်းတော်မူပါတယ်။

"ငါသည် ကောင်းမှုမျိုးစေ့ကို စိုက်ပျိုးကြဲချရာ လယ်ယာမြေကောင်းသဖွယ်ဖြစ်သော ဒီပင်္ကရာ မြတ်စွာဘုရားအထံတော်၌ မြတ်သောကောင်းမှုကို စိုက်ပျိုးပေအံ့။

ရပ်ပြစ်ရှစ်ပါးမှ လွတ်ကင်းသော ဘုရားပွင့်တော်မူရာ 'ဗုဒ္ဓုပ္ပါဒ–နဝမက္ခဏ'အခွင့်ကောင်းကြီးမျိုးကား ရခဲလှပေစွ။ ယင်းသို့ ကြုံခဲလှစွာသော ဒီပင်္ကရာ မြတ်စွာဘုရား ပွင့်တော်မူရာ အခါကောင်း၊ အခွင့်ထူးကြီးကို ငါ ကြုံကြိုက်ခွင့်ရအပ်ပေပြီ။

ဤ ကြုံခဲလှစွာသော အခွင့်အခါထူးကြီးကို မကြုံကြိုက်မိသည်ရှိသော် ဤအခွင့်အခါထူးကြီးသည် ငါ့ကို ကျော်လွန် ၍ သွားပေတော့မည်။

အဲ့သလို နက်နက်နဲနဲ တွေးဆဆင်ခြင်တော်မူပြီး "အို…လူအပေါင်းတို့၊ သင်တို့သည် ဒီပင်္ကရာဘုရား

http://www.dhammadownload.com



ကြွတော်မူရန်လမ်းခရီးကို သုတ်သင်ရှင်းလင်းကြသည် ဖြစ်အံ့။ ငါ့အားလည်း သုတ်သင်ရှင်းလင်းရန် တစ်နေရာစာကို ပေးကြပါ၊ ငါသည်လည်း လမ်းခရီးကို သုတ်သင်ပေအံ့”လို့ ပြောပြီး နေရာတောင်းလိုက်တယ်။

မြို့သားတွေဟာ သုမေဓာရသေ့ကိုကြည့်ရင်း ‘ဒီရသေ့ဟာ သာမန်ရသေ့ မဟုတ်ဘူး။ တန်ခိုးအာနုဘော်ကြီးမြတ်သူဖြစ်တယ်၊ ဒါကြောင့် ငါတို့လုပ်ဖို့မလွယ်တဲ့ ခက်ခဲတဲ့လမ်းနေရာကို ပေးလိုက်မယ်’လို့ ကြံစည်ပြီး သာမန်လူအဖို့ လမ်းပြုပြင်ဆင်ဖို့ ခဲယဉ်းလှတဲ့ ရွှံ့ဗွက်၊ ချောက်မြောင်းရှိရာအရပ်ကို သတ်မှတ်ပေးကြတယ်။

သုမေဓာရသေ့မြတ်ဟာ သာမန်လူအဖို့မှာ စိတ်ပျက်စရာ အနိဋ္ဌာရုံလို နေရာမျိုးဖြစ်သော်လည်း ငါ့ကိုမှ ဒီလိုနေရာမျိုးကို ပေးရလေခြင်းရယ်လို့ အနည်းငယ်မျှပင် စိတ်မကွက်ဘဲ မြတ်စွာဘုရားလျှင်အာရုံရှိသော ပီတိတရားကို ဖြစ်ပွားစေပြီးမှ “ငါသည် ဤနေရာအရပ်ကို အကောင်းဆုံး၊ အမြတ်ဆုံးဖြစ်သွားအောင် တန်ခိုးအစွမ်းဖြင့် သုတ်သင်ရန် စွမ်းနိုင်ပေ၏။ သို့သော် တန်ခိုးအားကိုးပြီး သုတ်သင်လိုက်သော် (လွယ်ကူစွာ တခဏအတွင်း ပြီးသွားမည်ဖြစ်သဖြင့်) ငါ့ကို အားလုံးက နှစ်သက်စေနိုင်လိမ့်မည်မဟုတ်ပေ။

http://www.dhammadownload.com



ယနေ့တွင် ငါသည် ကိုယ်တိုင်ကိုယ်ကျ ဗုဒ္ဓဝေယျာဝစ္စ အမှုကို ပြုသင့်လှပေ၏ ''လို့ ကြံစည်ဆုံးဖြတ်ပြီး မြေမှုန့်တွေကို ပခုံးနဲ့ ကိုယ်တိုင် သယ်ထမ်းကာ ရွှံ့ဗွက်အိုင်အရပ်ကို ဖြည့်ဖို့တော်မူပါတယ်။

## ပါရမီ၏စွမ်းရည်သတ္တိ

ပါရမီဆိုတာ 'ပရမာနံ ကမ္မံ ပါရမီ' ဆိုတဲ့ အဖွင့်နဲ့အညီ မြင့်မြတ်သော စိတ်နှလုံးသားရှိသူတို့၏ စွန့်လွှတ်ခြင်းစတဲ့ လုပ်ရပ်တွေကို ဆိုလိုတာပါ။ ဒီနေရာမှာ ရလဒ်ကိုမငဲ့ဘဲ လုပ်ဆောင်ချက်ကိုပဲ အဓိကစိစစ်ကြည့်ရမှာပါ။

မြင့်မြတ်သောစိတ်နှလုံးသားပိုင်ရှင်တို့၏ လုပ်ရပ်တွေမှာ ဘာအစွမ်းအစတွေရှိပါသလဲ' ဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့လည်း 'နိဗ္ဗာနသာခကာ ဒါနစေတနာ ဒယော ခမ္မာ' ပါဠိတော်အရ လောဘ၊ ဒေါသ၊ မောဟစတဲ့ ကိလေသာအပူခတ်တွေကို ငြိမ်းချမ်းစေနိုင်စွမ်းရှိတယ်လို့ တထစ်ကျ ဖြေဆိုရမှာပါ။

ပြီးတော့ လုပ်ဆောင်ချက် မြတ်၊ မမြတ်ဆိုတာနဲ့ ပတ်သက်ပြီးတော့လည်း အဋ္ဌကထာမှာ 'တဏှာမာန ဒိဋ္ဌီဟိ အနုပဟတာ ကရုဏူပါယ ကောသလပရိဂ္ဂဟိ

http://www.dhammadownload.com



တာ ဒါနာဒယော ဂုဏာ'လို့ ဖွင့်ပြထားတာကြောင့် တဏှာဖြင့် ရယူခြင်းမဖက်သော၊ မာနဖြင့် ငါတကော မကောသော၊ ဒိဋ္ဌိဖြင့် ငါစွဲမထားသော၊ သတ္တဝါတို့အပေါ်မှာ သနားခြင်းကရုဏာ၊ အကြောင်းဥပါယ်၌ သိမြင်ခြင်း ပညာတရား (၂)ပါးနှင့်ယှဉ်သော စွန့်လွှတ်ခြင်းစတဲ့ လုပ်ရပ်တွေကိုသာ မြင့်မြတ်သောလုပ်ဆောင်ချက် ရယ်လို့ မှတ်သားရမှာပါ။

ဆန့်ကျင်ဘက်ဖြစ်တဲ့ တဏှာဖြင့် ရယူသော၊ မာနဖြင့် ငါတကောပြုသော၊ ဒိဋ္ဌိဖြင့် ငါစွဲထားသော၊ သတ္တဝါတို့အပေါ်မှာ သနားခြင်းကရုဏာ၊ အကြောင်းဥပါယ်၌ သိမြင်ခြင်းပညာ တရား(၂)ပါးနှင့် မယှဉ်သော ရယူသိမ်းပိုက်ခြင်းစတဲ့ လုပ်ရပ်တွေဟာ ကိလေသာအပူ မီးခတ်တွေ ကူးစက်ခံနေရတာကြောင့် မမြတ်ပါဘူး။

အလောင်းတော်ရသေ့မြတ်ဟာ ဒီပင်္ကရာ မြတ်ဘုရားကို အာရုံယူပြီး ဗုဒ္ဓဝေယျာဝစ္စအမှုကို ပြုလုပ်တဲ့ အခါမှာ ရယူပိုင်ဆိုင်လိုစိတ်နဲ့လည်း မပြုဘဲ၊ ငါမှ ပြုနိုင်တယ်ဆိုတဲ့သဘောနဲ့လည်း မပြုဘဲ၊ ငါကောင်းစားဖို့ ရည်ရွယ်ချက်လည်း မထားဘဲ သတ္တဝါတွေအပေါ် ကရုဏာ၊ ပညာတရား ရင်ဝယ်ထားပြီး ပြုလုပ်အားထုတ်တဲ့ အတွက် အလောင်းတော်မြတ်ရဲ့ လုပ်ဆောင်ချက်ဟာ

http://www.dhammadownload.com



မြင့်မြတ်သလား၊ ယုတ်ညံ့သလားရယ်လို့ မေးခွန်းတောင် ထုတ်နေစရာ မလိုပါဘူး။

အဲ့သလိုမျိုး မြင့်မြတ်တဲ့ လုပ်ဆောင်ချက်တွေမှာ ပါရမီပြည့်မီတဲ့အစွမ်းရရှိအောင် အောက်ပါအင်္ဂါ(၄)ချက်နဲ့လည်း စစ်ဆေးလို့ ရနိုင်ပါတယ်။

(၁) သတ္တဝါတို့အား ချီးမြှောက်ခြင်း လက္ခဏာနှင့် ပြည့်စုံရပါတယ်။

(၂) သတ္တဝါတို့အား ကူညီခြင်း၊ မတုန်လှုပ်ခြင်းရသနှင့်လည်း ပြည့်စုံရပါတယ်။

(၃) သတ္တဝါတို့၏အကျိုးစီးပွားကို ရှာဖွေသောအခြင်းအရာ ထင်ရှားရှိရပါတယ်။

(၄) ဗောဓိဉာဏ်မျက်မှောက်ပြုကြောင်း တရားကောင်းဟု ဆင်ခြင်သောဉာဏ်ဖြင့် သိမြင်နိုင်ရပါတယ်။

အထက်ပါ အင်္ဂါ(၄)ချက်နဲ့ ပြည့်စုံတယ်ဆိုရင်တော့ ပါရမီထိုက်သောလုပ်ရပ်မျိုး ဖြစ်ပါပြီ။

## ဒီပင်္ကရာဘုရား ကြွတော်မူလာ

အလောင်းတော် သုမေဓာရသေ့မြတ်ဟာ မိမိတာဝန်ကျရာ တာဝန်းနေရာအရပ်ကို မြေသယ်ဖို့နေမှု

http://www.dhammadownload.com



မပြီးဆုံးသေးခင် ဒီပင်္ကရာမြတ်စွာဘုရားဟာ အဘိညာဉ် ခြောက်ပါးဟူသောဂုဏ်၊ လောကဓံရှစ်ပါးတို့ကြောင့် မတုန်လှုပ်သောဂုဏ်၊ ကိလေသာအညစ်အကြေး ကင်း ဝေးသောဂုဏ်တို့နှင့် ပြည့်စုံတော်မူကုန်သော ရဟန္တာ အရှင်မြတ်(၄)သိန်း ခြံရံလျက် ကြွတော်မူလာကြောင်းကို ဆုတောင်းခန်းပျို့မှာ အခုလို မိန့်ဆိုထားပါတယ်။

"တန်ခိုးဘုန်းယာဉ်၊ ဘိညာဉ်ခြောက်ချက်၊ စုံပြည့်လျက်ပင်၊ ငြိမ်သက်တ္တုခြွေ၊ ပြစ်ပြေချုပ်တည်း၊ ရေတင်လှည်းသို့၊ ထေရ်ကြီးအတိ၊ ဟေဘိက္ခု၊ ကျွတ် ကုန်နူးလျက်၊ ကျေးဇူးနံ့သာ၊ မေတ္တာချိုးလိမ်း၊ မြတ်စော ထိန်းသည်၊ လေးသိန်းမျှလောက်၊ မြောက်တုံသံဃာ၊ ရဟန္တာလည်း၊ နောက်ပါမကြွင်း၊ မိုးလမင်းနှင့်၊ ထိန်လင်း ကြယ်သို့ ပြုလတ်တည်း"။

ဒီပင်္ကရာမြတ်ဘုရားနှင့် နောက်ပါရဟန္တာ မြတ်သံဃာတို့ ကြွတော်မူလာသောအခါ ရမ္မာဝတီမြို့တွင်း အနံ့မှာ သိန်းသန်းချီသော နတ်လူအပေါင်းတို့ဟာ သောင်းသောင်းဖြဖြ ခရီးဦးကြိုဆိုကြပြီး နှစ်သက်ရွှင်ပျော် သာစုခေါ်သံတွေလည်း ညံစီလို့ နေပါတယ်။

အဲဒီအချိန်မှာ တခြားအချိန်တွေနဲ့မတူတဲ့ ထူးခြား မှုတစ်ရပ်အနေနဲ့ မြတ်စွာဘုရားရှင်ရဲ့ ဘုန်းတော်ကြောင့်

http://www.dhammadownload.com



နတ်တွေကလည်း လူတွေကို မြင်တွေ့ရ၊ လူတွေကလည်း နတ်တွေကို မြင်တွေ့နေကြရတော့ တကယ့်ပျော်ရွှင်စရာကြီး ဖြစ်နေတာပေါ့။

ဝေဟင်မှ လိုက်ပါကြိုဆိုတဲ့နတ်တွေက နတ်ပန်း၊ ပဒုမ္မာပန်း၊ ပင်လယ်ကသစ်ပန်းတွေကို ဝဲယာရှေ့နောက်တွေမှာ မြှောက်ကြဲပူဇော်ကြပါတယ်။ မြေပြင်မှ လိုက်ပါကြိုဆိုတဲ့လူတွေက စကားပန်း၊ မြတ်လေးပန်း၊ ကံ့ကော်ပန်း၊ ပုန်းညက်ပန်းတွေကို နတ်တွေနည်းတူ မြှောက်ကြဲပူဇော်ကြပါတယ်။

အလောင်းတော် သုမေဓာရသေ့မြတ်ဟာ ပြုပြင်ပြင်ဆင်ထားတဲ့လမ်းအတိုင်း ကြွတော်မူလာနေတဲ့ (၃၂) ပါးသော ယောက်ျားမြတ်တို့၏ လက္ခဏာတို့ကို (၈၀) သောလက္ခဏာငယ်တို့က ထပ်မံ ဝန်းရံခြယ်သထားသဖြင့် အလွန့်အလွန်နှစ်သက်စဖွယ် တင့်တယ်စံပယ်လှစွာသော၊ အမြဲမပြတ် တောက်ပနေသော 'နိစ္စလောဘာသ' ရောင်ခြည်တော်ဖြင့် ဝန်းရံခစားနေသော၊ အထူးထူးသော အသရေတော်တို့နှင့် ပြည့်စုံတော်မူ၍ လျှပ်နွယ်လျှပ်ပန်းတို့ ပြက်သန်းနေသည့်ပမာ ခြောက်ဖြာသောရောင်ခြည်တော်တို့ကိုလွှတ်လျက် ရွှေတုံးရွှေစိုင်နှင့်တူစွာသော ဒီပင်္ကရာမြတ်စွာဘုရား၏ ရူပကာယ(အတ္တဘော)ကိုယ်တော်မြတ်ကို မမိတ်သောမျက်စိဖြင့် ကြည့်ရှုဖူးမြင်ပြီး ...

http://www.dhammadownload.com



"ယနေ့... ငါသည် မြတ်စွာဘုရားထံတော်၌ အသက်ကိုစွန့်လွှတ်မှု ပြုသင့်လှ၏။ မြတ်စွာဘုရားသည် ညွှန်ပျောင်း၌ ဆင်းရဲစွာ နင်းကြွသွားတော်မမူပါစေလင့်၊ ရဟန္တာ(၄)သိန်းတို့နှင့်တကွ ငါ၏ကျောပြင်ကိုနင်း၍ ကြွတော်မူပါစေသတည်း"

ထိုသို့ နင်းကြွတော်မူခြင်းသည် ငါ့အတွက် ရှည်စွာသောကာလ နေ့ညဥ့်တို့ပတ်လုံး အစီးအပွား ချမ်းသာတရားအလို့ငှါ ကေန်ဖြစ်ပေလိမ့်မည်"

အဲ့သလို ကြံစည်ဆုံးဖြတ်တော်မူကာ ဆံထုံးကို ဖြေပြီး ဆံကျစ်နှင့် လျှော်တေသက်န်းတို့ကို ညှိမည်းနေသော ညွှန်ပျောင်း၌ ဖြန့်ခင်းကာ ပတ္တမြားပျဥ်ချပ် စီထားအပ်သော တံတားပမာ လမ်းပျက်ပေါ်မှာ အလျားမှောက်ခုံ ဝပ်တော်မူ နေပါတော့တယ်။

## ဘုရားဖြစ်ရန် စိတ်အကြံ

သုမေဓာရသေ့မြတ် အဲ့သလို အလျားမှောက် ဝပ်တော်မူနေတုန်းအချိန်အတွင်းမှာပဲ "ငါသည် အလိုရှိ ခဲ့ပါမူကား ယနေ့မှာပင် ကိလေသာမြူခပင်းတို့ကို ပယ်ရှင်းသတ်သင်နိုင်လျက် အာသဝေါကုန်ခန်းသော ရဟန္တာစင်စစ် ဖြစ်နိုင်ပေ၏။

http://www.dhammadownload.com



ဤဒီပင်္ကရာမြတ်စွာဘုရား၏ သာသနာတော်၌ မထင်မရှား ရဟန်းတစ်ပါးအသွင်ဖြင့် နိဗ္ဗာန်ကို မျက်မှောက် ပြုခြင်းဖြင့် ငါကဲ့သို့သောယောကျ်ားမြတ်အား အဘယ် အကျိုး ရှိအံ့နည်း။ သဗ္ဗညုတဘုရားအဖြစ်သို့ရောက်အောင် ကြိုးကုတ်အားထုတ်ပေအံ့။

ပညာအစွမ်း၊ သဒ္ဓါအစွမ်း၊ ဝီရိယအစွမ်းရှိသော ယောကျ်ားမြတ်တစ်ဆူ ဖြစ်ပါလျက် သံသရာဝဋ်မှ တစ်ကိုယ်ကောင်းကြံကာ တစ်ယောက်တည်း ကူးမြောက် သဖြင့် ငါ့အား အဘယ်အကျိုး ရှိအံ့နည်း။ သဗ္ဗညုတ ဘုရားအဖြစ်သို့ရောက်အောင် ကြိုးကုတ်အားထုတ်ပြီးလျှင် သတ္တဝါအပေါင်းကို သံသရာဝဋ်ဒုက္ခမှ ငါ ကယ်တင်ပေအံ့။

သံသရာတည်းဟူသောရေအယဉ်ကို ဖြတ်၍ ဘဝ သုံးပါးတို့ကို ဖျက်ဆီးပြီးလျှင် မဂ္ဂင်ရှစ်ပါး တရားဖောင်ထက် သို့ ကိုယ်တိုင်လက်ဦး တက်စီးပြီး နတ်နှင့်တကွသော သတ္တဝါအပေါင်းကို ငါကား ထုတ်ဆယ် ကယ်တင်ပေအံ့" ရယ်လို့ ဘုရားဖြစ်ဖို့ရန် စိတ်အကြံတော် ဖြစ်လာခဲ့ ပါတယ်။

## ပါရမီဖြည့်ဖက် လိုအပ်ချက်

သုမေဓာရသေ့မြတ်ဟာ ဘုရားဖြစ်ရန် စိတ် တော်ကြံနေတုန်းမှာပဲ သုမိတ္တာပုဏ္ဏားပျိုမလေးက ဘုရား

http://www.dhammadownload.com



ရှေ့တော်မှောက်မှာ စည်းဝေးနေတဲ့ လူအုပ်ကြားထဲ ရောက်လာပါတယ်။ မြတ်စွာဘုရားကို ပူဇော်ဖို့အတွက် လက်ထဲမှာ ကြာရှစ်လက်လည်း ပါလာတယ်။

ပရိသတ်အလယ်ရောက်တော့ ဘုရားရှေ့နားမှာ အလျားမှောက် လမ်းခင်းပူဇော်နေတဲ့ သုမေဓာရသေ့မြတ်ကို လှမ်းတွေ့လိုက်ရပါတယ်။

ပုဏ္ဏားပျိုမလေး သုမိတ္တာဟာ ရှင်ရသေ့အပေါ် မြင်မြင်ချင်းဆိုသလိုပဲ မေတ္တာပေမခာတ် များစွာသက်ဝင်ပြီး ရှင်ရသေ့ရဲ့ပါရမီထိုက်မယ့် လုပ်ငန်းရပ်အပေါ် လိုအပ်တဲ့ လှူဖွယ်ပစ္စည်းတွေ ဖြည့်ဆည်းပေးလိုပေမယ့် သူ့လက်မှာ ပါလာတာကို ပြန်ကြည့်လိုက်တော့ ပန်းရှစ်လက်တည်း ရယ်...။

ဒါ့ကြောင့်... ကြာပန်းရှစ်လက်ကို ဝေစုခွဲကာ "အရှင်ရသေ့... မြတ်စွာဘုရားအား အရှင်အလိုရှိသလို လှူဒါန်းရန် ငါးလက်သောကြာပန်းတို့ကို အရှင့်အား ပေးအပ်ပါ၏။ ကျန်သော ကြာသုံးလက်မှာ အကျွန်ုပ် လှူဒါန်းရန်အတွက် ဖြစ်ပါစေ"လို့ ပြောဆိုလှူဒါန်းပြီး ...

"အရှင်ရသေ့မြတ်... အရှင်သည် ဘုရားဖြစ်ဖို့ရန် ပါရမီတော်တို့ကို ဖြည့်ကျင့်နေသမျှ ကာလပတ်လုံး

http://www.dhammadownload.com



အကျွန်ုပ်သည် အရှင်နှင့်အတူတကွ ညီမျှသောသူတို့ ဖြစ်ကြရပါစေသတည်း”ရယ်လို့ ဆုပန်ခဲ့ပါတယ်။

အလောင်းတော်မြတ်ကြီးတို့လို ကြီးမားတဲ့ ပါရမီတရားတွေကို ဖြည့်ဆည်းရှက်ဆောင်တော်မူမယ့် ပုဂ္ဂိုလ်တွေမှာ သုမိတ္တာတို့လို ပါရမီဖြည့်ဆည်းပေးမယ့် အမျိုးသမီးတွေလည်း မရှိမဖြစ်ဆိုသလို လိုအပ်တာပါပဲ။ အခုပဲကြည့်လေ။ အလောင်းတော်မြတ်ကြီးမှာ ကိုယ်စွမ်းအား၊ ဉာဏ်စွမ်းအား ကြီးမားပြည့်စုံစွာ ရှိနေပေမယ့် ဒီပင်္ကရာမြတ်စွာဘုရားကို လှူဒါန်းစရာကျတော့ ဘာမျှ မရှိဘူး ဖြစ်နေတယ်။ တကယ်လို့သာ သုမိတ္တာလို ပါရမီ ဖြည့်ဖက်မျိုး မရှိဘူးဆိုရင် အလောင်းတော်မြတ်ကြီးလည်း လက်ချည်းဗလာနဲ့ မြတ်စွာဘုရားထံ ဗျာဒိတ်တောင်းခံရမှာ အားနာစရာကြီးပါ။

သုမိတ္တာပုဏ္ဏားမလေးဟာ ဒီပင်္ကရာဘုရားထံတော်မှာ အဲ့သလို ပါရမီဖြည့်ဖက် ဆုပန်ခဲ့တာကြောင့် အလောင်းတော်နှင့်အတူ ဝေဿန္တရာမင်း၊ မိဖုရားဘဝအထိလေး အသင်္ချေနှင့်ကမ္ဘာတစ်သိန်း ကာလပတ်လုံး အေးအတူ ပူအမျှ ပါရမီဖြည့်ဆည်းခဲ့ရပြီး ဘုရားဖြစ်တော်မူလာတဲ့အခါမှာ ယသောဓရာဒေဝီမိဖုရားအဖြစ်နဲ့ ကျွတ်တမ်းဝင်နိုင်ခဲ့ပါတယ်။

http://www.dhammadownload.com



## ဗျာဒိတ်စကား နာခံကြား

ဒီပင်္ကရာ မြတ်စွာဘုရားဟာ အလောင်းတော် သုမေဓာရသေ့ရှိရာအရပ်သို့ ကြွတော်မူပြီး ဦးခေါင်းရင်းမှာ ရပ်တော်မူကာ ...

"ပဿထ ဣမံ တာပသံ၊
ဇဋိလံ ဥဂ္ဂတာပနံ"

စသော ဂါထာ(၉)ပုဒ်ကို ရွတ်မြွက်ဆိုပြီး...

"ရဟန်းတို့၊ ဆံကျစ်ထုံး၍ ထက်မြက်သော အကျင့်နှင့်ပြည့်စုံသော ဤရသေ့ကို ကြည့်ကုန်လော့။ ဤရသေ့သည် ဤကမ္ဘာမှ နောက် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းအလွန်၌ လူသုံးပါးဝယ် ဘုရားစင်စစ် ဧကန်ဖြစ်ပေလိမ့်မည်"စသည်ဖြင့် ဗျာဒိတ်စကား မိန့်ကြားတော်မူလိုက်ပါတယ်။

အလောင်းတော်သုမေဓာရှင်ရသေ့ ဗျာဒိတ်ခံယူတော်မူတဲ့နေ့ဟာ ဒီကနေ့ခေတ် ဗုဒ္ဓဘာသာဝင်တွေအားလုံး ဗုဒ္ဓနေ့ရယ်လို့ အသိအမှတ်ပြုထားတဲ့ ကဆုန်လပြည့်နေ့ပါ။ ဒါကြောင့် ရှေးဆရာတော်ကြီးများက "ဗျာ၊ ဖွား၊ ဟော၊ စံ၊ ဤလေးတန်၊ မှတ်ရန် လကဆုန်" ရယ်လို့ စပ်ဆိုတော်မူကြတာပါ။

လောကသုံးပါးလုံးရဲ့ အတုမဲ့ဖြစ်တော်မူတဲ့

http://www.dhammadownload.com



ဒီပင်္ကရာဘုရား ရွှေနှုတ်တော်က အဲ့သလို ဗျာဒိတ်တော် စကားကို ကြားလိုက်ရတဲ့အခါမှာ နတ်လူပရိသတ် အပေါင်းတို့ဟာ "ဤသုမေဓာရသေ့သည် နောင်ပွင့် တော်မူမည့် ဘုရားမျိုးစေ့ စင်စစ်ဖြစ်သတဲ့ဟေ့"ရယ်လို့ အလွန်ဝမ်းမြောက်ပျော်ရွှင်ကြကာ ကြွေးကြော်အော်ဟစ် ကြရင်း လက်ပန်းပေါက်ခတ်ကြပါတယ်။

တစ်ချိန်တည်းမှာပဲ လောကဓာတ်တိုက် တစ်သောင်းလုံးက ဘုရားဖူး နတ်လူဗြဟ္မာအပေါင်းတို့ဟာ လက်အုပ်ကိုယ်စီ မြှောက်ချီကာ အလောင်းတော်ရသေ့ကို ဦးနှိမ်ရိုကျိုး ရှိခိုးပူဇော်ကြပါတယ်။

ပြီးတဲ့အခါ "ငါတို့သည် ဒီပင်္ကရာမြတ်ဘုရား၏ အဆုံးအမတရားတော်ကို မဖြည့်စွမ်းနိုင်ဘဲ အကယ်၍ ချွတ်ယွင်းလွဲချော်သည်ရှိသော် မြစ်ကိုကူးသူတို့သည် မိမိရှေးရှုရည်မှန်းသော ဆိပ်ကမ်းသို့ ရေစီးအဟုန်ကြောင့် မရောက်နိုင်ဘဲ မျောပါသွားစေကာမူ၊ အောက်ဖြစ်သော ဆိပ်ကမ်းမှာ အရတွယ်ယူကာ မြစ်ကို ကူးကုန်သကဲ့သို့ ထို့အတူ နောင်ပွင့်တော်မူမည့် ဤရသေ့မြတ်ကို ငါတို့သည် မျက်ဝါးထင်ထင်ဖူးမြင်ရကာ တရားထူးရသူများ ဖြစ်ကြပါ စေကုန်သတည်း"လို့ ဆုတောင်းမှု ပြုကြတယ်။

ဒီပင်္ကရာမြတ်ဘုရားဟာ ဗျာဒိတ်စကား မိန့်ကြား

http://www.dhammadownload.com



တော်မူပြီးတဲ့အခါ အလောင်းတော်ရသေ့ကို ပန်းရှစ်ဆုပ်တို့ဖြင့် ပူဇော်ကြချကာ အလောင်းတော်ရသေ့ဘက်မှ နင်းတော်မမူဘဲ လက်ယာခြေတော်ချကာ ကြွသွားတော်မူပါတယ်။ ရဟန္တာမထေရ်(၄)သိန်းတို့လည်း အလောင်းတော်ကို မနင်းဘဲ ပန်းနံ့သာတို့ဖြင့်ပူဇော်ကာ လက်ယာဘက်ထားကာ ကြွသွားတော်မူကြပါတယ်။

လူ၊ နတ်၊ နဂါး၊ ဂဠုန်တို့လည်း အလောင်းတော်ကို ရိုသေမြတ်နိုးစွာရှိခိုးပြီး ပန်းနံ့သာတို့ဖြင့် ပူဇော်ကာ ဖဲခွာသွားကြတယ်။

အလောင်းတော်ရသေ့ဟာ မြတ်စွာဘုရားနှင့် ရဟန္တာ ထေရ်အရှင်အပေါင်းတို့ ကြွသွားချိန်မှာ အလျားမှောက်ရာမှ ဝမ်းမြောက်စွာထပြီး လွှန်ကဲသော စိတ်နှလုံး ရွှင်လန်းခြင်း၊ ဝမ်းသာခြင်းတို့ဖြင့် အလွန်အထူး စိတ်တော် ချမ်းမြေ့ခြင်း ပီတိ၊ ပဿဒ္ဓိတရားတို့ထင်ရှားဖြစ်ပွားတော်မူပြီး ပါရမီတော် တို့ကို ဆင်ခြင်ရန်အလို့ငှာ နတ်၊ လူအများတို့ ပူဇော်အပ် သော ပန်းပုံကြီးထက်မှာ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော် မူပါတယ်။

အဲ့သလိုအချိန်မှာ နတ်၊ ဗြဟ္မာတွေက ဘုရားအလောင်းတွေ ဗျာဒိတ်ခံတဲ့နေ့မှာ ထင်မြဲဖြစ်တဲ့ (၃၂)ပါး သောနိမိတ်စကားတို့ကို ပြောကြားပြီး အားပေးကြတယ်။

http://www.dhammadownload.com



အလောင်းတော်ရသေ့လည်း ဒီပင်္ကရာဘုရားရဲ့ ဗျာဒိတ်တော်စကား၊ နတ်ဗြဟ္မာတို့ရဲ့ အားပေးစကား နှစ်ပါးစုံကို ထောက်ချင့်ကာ "ငါသည် ဘုရားစင်စစ် ဧကန် ဖြစ်လိမ့်မည်"လို့ ယုံကြည်စိတ် ဖြစ်တော်မူပြီး "ငါသည် ယခုအခါ လူ၊ နတ်၊ ဗြဟ္မာတို့၌ ဘုရားအဖြစ်ကို ပြုတတ်သော အရင်းခံတရား ဗုဒ္ဓကရဓမ္မတို့ကို စူးစမ်း ရှာဖွေတော့အံ့"လို့ ကြံစည်ဆုံးဖြတ်တော်မူပါတယ်။

ဒီနေရာမှာ စဉ်းစားစရာတစ်ချက်က အလောင်း တော်ရသေ့မြတ်ဟာ ဒီပင်္ကရာမြတ်စွာဘုရားထံတော်က ဗျာဒိတ်စကား နာကြားခွင့်ရလို့ ဘုရားဖြစ်ကြောင်း ပါရမီ အပေါင်းကို ဖြည့်ကျင့်အားထုတ်တာလား။ ဒါမှမဟုတ် အလောင်းတော်မှာ ပင်ကိုက ပါရမီဓာတ်ခံ ရင့်သန်စွာ ရှိပြီးလို့ ဒီပင်္ကရာမြတ်စွာဘုရားက ဗျာဒိတ်စကား မိန့်မြွက်ကြားလိုက်တာလား ဆိုတဲ့ အချက်ပါ။

တကယ်လို့ ဘုရားရှင်ထံက ဗျာဒိတ်စကား သက်သက်ကြောင့် ရသေ့မြတ်ဟာ ဘုရားအလောင်းဘဝ ရောက်ရှိလာရတယ်ဆိုရင်တော့ လောကလူသားတွေမှာ ကိုယ်စွမ်းကိုယ်စတွေ ဘာမျှရှိမှာမဟုတ်တော့ပါဘူး။

တကယ်တော့ ဒီပင်္ကရာ မြတ်စွာဘုရားရှင်ရဲ့ ဗျာဒိတ်စကားကြောင့် ဘုရားအလောင်းဘွဲ့တံဆိပ် ရရှိ

http://www.dhammadownload.com



သွားတာဖြစ်ပေမယ့် အလောင်းတော် ရသေ့မြတ်ရဲ့ ပင်ကို ဓာတ်ခံမှာ အလောင်းတော်တွေရဲ့ အင်္ဂါအရည်အသွေး ပါရမီဓာတ်တွေနဲ့ ပြည့်စုံပြီးသားဆိုတာ သတိပြုရမှာပါ။

ဘာလို့လည်းဆိုတော့ အဋ္ဌကထာမှာ ဗျာဒိတ်ခံ အလောင်းတော်တွေမှာ ပြည့်စုံနေရမယ့် ပင်ကိုယ် အရည်သွေး(၈)မျိုးကို အခုလို ပြဆိုထားပါတယ်။

(၁) လူစင်စစ်ဖြစ်ရခြင်း၊
(၂) ယောကျ်ားစင်စစ် ဖြစ်ရခြင်း၊
(၃) ထိုဘဝမှာပင် အလိုရှိက
ရဟန္တာအထိ ဖြစ်နိုင်ခြင်း၊
(၄) သက်ရှိထင်ရှား ဘုရားကို ဖူးမြင်ရခြင်း၊
(၅) ကမ္မဝါဒီရသေ့ ဖြစ်ရခြင်း၊
(၆) ဈာန်၊ အဘိညာဉ်နှင့် ပြည့်စုံသူဖြစ်ခြင်း၊
(၇) ဘုရားရှင်အား ကိုယ့်အသက်ကို စွန့်လွှတ်
လှူဒါန်းနိုင်ရခြင်း၊
(၈)ဘုရားဖြစ်ရန်စိတ်ဆန္ဒ လွန်စွာ ထက်သန်
နေရခြင်း။

အဲဒီ(၈)ပါးထဲမှာ အဓိကအရည်အသွေးကတော့ သုမေဓာရှင်ရသေ့ဟာ ဘုရားရှင်နဲ့သံဃာ(၄)သိန်းတို့ သူ့ကျောက်ကုန်းပေါ် တက်နင်းသွားပါက အသက်ဆုံးရှုံး

http://www.dhammadownload.com



သွားလိမ့်မယ်ဆိုတာ သိလျက်သားနဲ့ အသက်ကို စွန့်လွှတ်စတေးပြီး ပြုတဲ့ကောင်းမှုထူးပဲ ဖြစ်ပါတယ်။

ကျမ်းဂန်တွေမှာတော့ 'အဓိကာရ' ကုသိုလ်လို့ ဆိုတယ်။ ဒီအရည်အသွေးဟာ အလောင်းတော်တွေမှ မဟုတ်ပါဘူး။ ဒီဘဝမှာ ရဟန္တာဖြစ်မယ့်ပုဂ္ဂိုလ်တိုင်းမှာ ကိုယ့်အသက်ကို မငဲ့မကွက် စွန့်လွှတ်ရဲတဲ့သတ္တိ ရှိကိုရှိနေရပါတယ်။

ဒီအရည်အသွေးမှ မရှိရင် နိဗ္ဗာန်ကို မရရှိနိုင်ပါဘူး။ ဒါကြောင့် 'မစွန့်မလွှတ်၊ စွန့်မှလွှတ်၊ တကယ်လွှတ်ချင်၊ တကယ်စွန့်၊ အဟုတ်လွှတ်မြောက်မည်' လို့ မှတ်သားထားရမှာပါပဲ။

## စွန့်လွှတ်စွမ်းအား ပါရမီ(၁၀)ပါး

အလောင်းတော်ရသေ့ဟာ အပါးမှာရှိတဲ့ နတ်ဗြဟ္မာအပေါင်းတွေအားလုံး ဖယ်ခွာသွားကြပြီဆိုတော့ မိမိကိုယ်ကို ဘုရားစင်စစ် ဧကန်ဖြစ်လိမ့်မယ်ဆိုတာ ယုံကြည်မှု အပြည့် ရှိသွားပါပြီ။ ဒါပေမဲ့ ဘုရားစကား၊ နတ်ဗြဟ္မာတွေရဲ့ စကားလောက်နဲ့တင် ဘုရားအဖြစ်သို့ ရောက်ရှိသွားမှာ မဟုတ်ပါဘူး။

ပြီးတော့ ဘုရားဖြစ်ကြောင်း နည်းလမ်းကောင်း

http://www.dhammadownload.com



တွေကို ဒီပင်္ကရာဘုရားက ဟောညွှန်ပြပေးသွားတာမျိုးလည်း မရှိခဲ့ပါဘူး။

ဒါကြောင့် ဘုရားဖြစ်ကြောင်း ပါရမီတရားတွေကို အလောင်းတော်တိုင်းဟာ မိမိရဲ့ **'ပါရမီပဝိစယ'** ခေါ် ဉာဏ်တော်၏အစွမ်းနဲ့သာ ဆင်ခြင်တော်မူကြကြောင်း အဋ္ဌကထာမှာ ပြဆိုပါတယ်။ ဒီဉာဏ်တော်ဟာ အလောင်းတော်တွေမှာ အပိတ်အပင်မရှိဘဲ သိနိုင်တဲ့ ပင်ကိုမွေတာ အစွမ်းတစ်ခုလည်း ဖြစ်ပါတယ်။

ဒါ့ကြောင့် ပါရမီခန်းပျို့မှာ "ဘုရားပညာ၊ ငြမ်းအလျာဖြင့်၊ ရံကာဆောက်ဦး၊ ထောက်ပံ့ကူသား၊ တံချူသဖွယ်၊ ကြီးငယ်မလွတ်၊ ကျင့်ရာဝတ်ကို၊ နှုတ်လွတ်သံညောင်း၊ သို့ကျင့်ကောင်းဟု၊ အကြောင်းအကျိုး၊ စုံပြည့်ဖြိုးအောင်၊ မြတ်မျိုးရှင်တော်၊ မဟောသော်လည်း" စသည်ဖြင့် စပ်ဆိုတော်မူထားပါတယ်။

အလောင်းတော်ဟာ ရှေးရှေးဘုရားအလောင်းတော်တို့ အစဉ်မှီဝဲ အမြဲလေ့လာပွားများအပ်တဲ့ ဘုရားဖြစ်ကြောင်း ပါရမီနည်းလမ်းကောင်းတွေကို စူးစမ်းဆင်ခြင်တော်မူတဲ့အခါမှာ...

**ဒါနံ သီလဥ္စ နေက္ခမ္မံ၊ ပညာ ဝီရိယဥ္စ ပဉ္စမံ။**
**ခန္တီ သစ္စာ မဓိဋ္ဌာန-မေတ္တု, ပေက္ခာစ (၄)**

http://www.dhammadownload.com



တေဒသ။ ဆိုတဲ့အတိုင်း 'ဒါနပါရမီ၊ သီလပါရမီ၊ နေက္ခမ္မပါရမီ၊ ဝီရိယပါရမီ၊ ခန္တီပါရမီ၊ သစ္စာပါရမီ၊ အဓိဋ္ဌာန်ပါရမီ၊ မေတ္တာပါရမီ၊ ဥပေက္ခာပါရမီ'ရယ်လို့ ပါရမီတရား (၁၀)ပါးကို တွေ့ရှိတော်မူခဲ့ပါတယ်။

ထူးဆန်းတာက အလောင်းတော် တွေ့ရှိတော်မူတဲ့ **ပါရမီ(၁၀)ပါး တရားအားလုံးဟာ စွန့်လွှတ်ခြင်း လမ်းစဉ်တွေချည်း ဖြစ်နေပါတယ်။** ရယူသိမ်းပိုက် လမ်းစဉ် လုံးဝမပါပါဘူး။

ဒါနပါရမီဟာ လှူဒါန်းခြင်းဖြင့် သိမ်းပိုက်ခြင်းကို စွန့်လွှတ်ရပါတယ်။ သီလပါရမီဟာ စောင့်ထိန်းခြင်းဖြင့် လွန်ကျူးခြင်းကို စွန့်လွှတ်ရပါတယ်။ နေက္ခမ္မပါရမီဟာ တောထွက်ခြင်းဖြင့် ကိလေသာ ကာမအာရုံတွေကို စွန့်လွှတ်ရပါတယ်။

ပညာပါရမီဟာ ကြောင်းကျိုးဥပါယ်တွေကို သိမြင်လိမ္မာခြင်းဖြင့် မသိမိုက်မဲခြင်းကို စွန့်လွှတ်ရပါတယ်။ ဝီရိယပါရမီဟာ အားထုတ်ခြင်းဖြင့် ပျင်းရိခြင်းကိုစွန့်လွှတ်ရပါတယ်။ ခန္တီပါရမီက သည်းခံခြင်းဖြင့် အမျက်ထွက်ခြင်းကို စွန့်လွှတ်ရပါတယ်။

သစ္စာပါရမီက အမှန်ပြောဆိုခြင်းဖြင့် လိမ်ညာလှည့်စားခြင်းကို စွန့်လွှတ်ရပါတယ်။ အဓိဋ္ဌာန်ပါရမီက

http://www.dhammadownload.com



ဆောက်တည်ခြင်းဖြင့် မခိုင်မြဲခြင်း၊ ယိမ်းယိုင်ခြင်းကို စွန့်လွှတ်ရပါတယ်။ မေတ္တာပါရမီက တစ်ပါးသူတို့ရဲ့အကျိုးကို လိုလားခြင်းဖြင့် တစ်ပါးသူတို့ရဲ့အကျိုး ဖျက်ဆီးခြင်းကို စွန့်လွှတ်ရပါတယ်။ ဥပေက္ခာပါရမီက လျစ်လျူရှုခြင်းဖြင့် ချစ်ခြင်းနဲ့မုန်းခြင်းကို စွန့်လွှတ်ရပါတယ်။

ပါရမီ(၁၀)ပါးတရားများကို လုပ်ငန်းစဉ်အနေနဲ့ ကြည့်ပြန်တော့လည်း...

(၁) **ဒါနအမှု**ဟာ ပြင်ပသဏ္ဌာန်က လှူဖွယ်ပစ္စည်းအသီးသီးနဲ့အတူ၊ အတွင်းသန္တာန်က လောဘ၊ ဒိဋ္ဌိ၊ မာန၊ မစ္ဆရိယခေါ် တရားဆိုးတွေကို စွန့်လွှတ်ရပါတယ်။

(၂) **သီလအမှု**ဟာ ပြင်ပသဏ္ဌာန်က လွန်ကျူးဖွယ်အာရုံ အဆိုးအကောင်းတွေနဲ့အတူ အတွင်းသန္တာန်က ကာယကံ၊ ဝစီကံနဲ့ ဆက်သွယ်နေတဲ့ လွန်ကျူးတတ်တဲ့ လောဘ၊ ဒေါသစတဲ့တရားဆိုးတွေကို စွန့်လွှတ်ရပါတယ်။

(၃) **သမထအမှု**ဟာ ပြင်ပသန္တာန်က တပ်မက်စဖွယ် ကာမဂုဏ်အာရုံမျိုးစုံနဲ့အတူ၊ အတွင်းသန္တာန်က မနောကံနဲ့ ဆက်သွယ်ပြီး ထကြွသောင်းကျန်းတတ်တဲ့ ကာမစ္ဆန္ဒ၊ ဗျာပါဒစတဲ့ နီဝရဏတရားဆိုးတွေကို စွန့်လွှတ်ရပါတယ်။

http://www.dhammadownload.com



ဝိပဿနာအမှုဟာ ပြင်ပသဏ္ဍာန်က တဏှာ၊ ဒိဋ္ဌိဆိုတဲ့ ဥပါဒါန်တို့ရဲ့အာရုံဖြစ်တဲ့ ပုံရိပ်အမျိုးမျိုးနဲ့ အတူ၊ အတွင်းသန္တာန်က ဒိဋ္ဌိ၊ ဝိစိကိစ္ဆာစတဲ့ အမွေခံတတ် တရားဆိုးတွေကို စွန့်လွှတ်ပါတယ်။

ဒါ့ကြောင့် အလောင်းတော်မြတ်ကြီးများရဲ့ လမ်းစဉ်ဟာ စွန့်လွှတ်ခြင်းလမ်းစဉ်သာ ဖြစ်ပါတယ်။ ရယူသိမ်းပိုက်ခြင်းလမ်းစဉ် မဟုတ်ပါဘူး။ စွန့်လွှတ်ခြင်းကိုသာ ပါရမီရယ်လို့ ဆိုလိုပါတယ်။ ဘယ်အရာဝတ္ထုကိုမဆို စွန့်လွှတ်ခြင်းစွမ်းအား မပါဘဲ ပြုလုပ်ထားခဲ့ရင် ပါရမီကုသိုလ် အထမမြောက်နိုင်ပါဘူး။

## နိဗ္ဗာန်ခရီး၏ လမ်းမကြီး

**ဝိစိနန္တော ဒဒါ ဒက္ခိံ ပဌမံ ဒါနပါရမိံ ။**

**ပုဗ္ဗကေဟိ မဟေသီဟိ၊ အနုစိဏ္ဏံ မဟာပထံ။**

အလောင်းတော် သုမေဓာရသေ့ဟာ ရှေးရှေးဘုရားအလောင်းတို့ အစဉ်မှီဝဲ အမြဲလေ့လာ ပွားများအပ်တဲ့ ပါရမီတရား(၁၀)ပါးကို စူးစမ်းဆင်ခြင် ရှာဖွေတဲ့အခါမှာ နိဗ္ဗာန်ရောက်ကြောင်း ပါရမီတရားအပေါင်း၏ ခရီးလမ်းမကြီးသဖွယ်ဖြစ်တဲ့ 'ဒါနပါရမီ' တရားကို အဦးဆုံး တွေ့မြင်သိရှိတော်မူပါတယ်။

http://www.dhammadownload.com



ဒီဂါထာလေးဟာ အလောင်းတော်သုမေဓာ ရသေ့မြတ် ဘုရားအဖြစ်သို့ ရောက်တော်မူလာတဲ့အခါမှာ ပြန်ပြောင်းဟောကြား မြွက်ဆိုတော်မူခဲ့တဲ့ ဂါထာပါ။ ဂါထာပါဋ္ဌိရဲ့ အနက်အဓိပ္ပါယ်လေးကို သိနိုင်ရင် ပိုပြီး ကြည်ညိုသဒ္ဓါ ဖြစ်ပွားပါလိမ့်မယ်။

“ဒဒါ၊ သုမေဓာရသေ့ဘဝဖြစ်စဉ် ထိုအခါ၌။ အဟံ၊ ငါဘုရားသည်။ **ဝိစိနန္တော**၊ ဘုရားဖြစ်ကြောင်း ပါရမီတရားကောင်းများကို စူးစမ်းဆင်ခြင်သည်ရှိသော်။

**ပုဗ္ဗကေဟိ မဟေသီဟိ**၊ ရှေးရှေးပွင့်တော်မူပြီး ကုန်သော နောင်တော်ဘုရားရှင်တို့သည်။ **အနုစိဏ္ဏံ**၊ အစဉ်မှီဝဲ အမြဲလေ့လာပွားများအပ်ပေသော။ **မဟာပထံ**၊ နိဗ္ဗာန်ရောက်ကြောင်း ပါရမီတရားအပေါင်း၏ လမ်းမကြီး သဖွယ်ဖြစ်ပါပေသော။ **ဒါနပါရမိံ**၊ လှူဒါန်းခြင်း ဒါနပါရမီ တရားကို။ **ပဌမံ**၊ အဦးအစ ပထမဦးစားပေးအနေဖြင့်။ ဒက္ခိံ၊ တွေ့မြင်သိရှိခဲ့လေပြီ”။

တကယ်တော့ အလောင်းတော်ရသေ့မြတ် စူးစမ်း ဆင်ခြင်လို့ တွေ့မြင်တော်မူခဲ့တာက နိဗ္ဗာန်ရောက်ကြောင်း တရားအပေါင်းဟာ ပါရမီ(၁၀)ပါးပါ။ ဒါပေမဲ့ ပါရမီတရား (၁၀)ပါးထဲမှာ ဒါနပါရမီတရားကိုပဲ ‘မဟာပထံ’လမ်းမကြီး သဖွယ်လို့ ပါရှိပါတယ်။ တခြားပါရမီတွေကိုတော့

http://www.dhammadownload.com



လမ်းမကြီးသဖွယ်မဟုတ်လို့ 'မဟာပထံ' ရယ်လို့ သုံးနှုန်းမထားပါဘူး။

ဘာကြောင့်လဲဆိုတော့ ဒါနပါရမီချို့တဲ့နေခဲ့ရင် ဒါနအကျိုးဖြစ်တဲ့ ဘဝကောင်းသို့ ရောက်နိုင်ခြင်း ဘဝသမ္ပတ္တိ မရှိနိုင်လို့ လူ့ဘဝရောက်ရဖို့တောင် မလွယ်ပါဘူး။ လူ့ဘဝမရရင် အပါယ်လေးဘုံမှာ သီလပါရမီ စသည်တွေကိုလည်း ဖြည့်ကျင့်နိုင်ဖို့ ပိုလို့ ခက်ခဲသွားပါတယ်။

တကယ်လို့ တခြားပါရမီတွေ အစွမ်းကြောင့် လူ့ဘဝရောက်ရှိနိုင်တယ် ဆိုဦးတော့။ ဒုတိယမြောက် ဒါနအကျိုးဖြစ်တဲ့ စည်းစိမ်ဥစ္စာ ပြည့်စုံခြင်း ဘောဂ သမ္ပတ္တိ မရရှိနိုင်လို့ ဆင်းရဲမွဲတေနေတဲ့ လူ့ဘဝမှာ တခြားသီလပါရမီစသည်တွေကို ဖြည့်ကျင့်နိုင်ဖို့လည်း ခဲယဉ်းလွန်းလှမှာ ဖြစ်ပါတယ်။

ဒါကြောင့် အလောင်းတော်မြတ်ဟာ ဒါနပါရမီတရားတစ်ပါးကိုပဲ 'မဟာပထံ'"နိဗ္ဗာန်ရောက်ကြောင်း **ပါရမီတရားအပေါင်း၏ လမ်းမကြီးသဖွယ်**' လို့ စူးစမ်းဆင်ခြင် သိမြင်တော်မူခဲ့တာ ဖြစ်ပါတယ်။

ပြီးတော့ ပါရမီ(၁၀)ပါးတရားအပေါင်းထဲမှာ တခြား ပါရမီ(၉)ပါးထက်အရင် ဒါနပါရမီတရားကို ဦးစားပေးအနေနဲ့ ဖြည့်ကျင့်သင့်တာကြောင့် 'ပထမံ'အဦး

http://www.dhammadownload.com



အစပထမဆုံး ဖြစ်ကျင့်ရမယ့် တရားရယ်လို့ ရှုးစမ်း ဆင်ခြင်တော်မူခဲ့ပါတယ်။

လောကမှာ တစ်နေရာသို့ သွားရောက်လိုသူဟာ ထိုနေရာကို ရောက်ရှိနိုင်မယ့်လမ်းမကို အဦးဆုံး ရှာဖွေရပါတယ်။ လမ်းကိုမတွေ့ဘဲ သွားနေလို့ရှိရင် ခရီးမတွင် ပင်ပန်းရုံသာ အဖတ်တင်မှာမို့ပါ။

ဒါကြောင့် လမ်းလျှောက်ခြင်းနဲ့တူတဲ့ တခြား ပါရမီတရားတွေကို အဦးဆုံးမဖြည့်ကျင့်ဘဲ လမ်းမကို ရှာဖွေခြင်းနဲ့တူတဲ့ ဒါနပါရမီကို အဦးဆုံးဖြည့်ကျင့်ရပါတယ်။

ပါရမီတရား(၁၀)ပါးကို ကုသိုလ်တရား ဖြစ်ပွါးကြောင်းဖြစ်တဲ့ ပုညကြိယာဝတ္ထုတရားတွေနဲ့ ဝေဖန်တဲ့ အခါမှာ 'ဒါနကုသိုလ်၊ သီလကုသိုလ်၊ သမထဘာဝနာ ကုသိုလ်၊ ဝိပဿနာဘာဝနာကုသိုလ်'ရယ်လို့ အချုပ် (၄)မျိုး ဖြစ်ပါတယ်။ မဂ္ဂင်(၈)ပါး လမ်းစဉ်တရားတွေနဲ့ ဝေဖန်တဲ့ အခါ 'သီလကျင့်စဉ်၊ သမာဓိကျင့်စဉ်၊ ပညာကျင့်စဉ်'ရယ်လို့ (၃)မျိုးပါ။

ဒါကြောင့် လုပ်ငန်းစဉ်အနေနဲ့ အကျဉ်းချုပ် လိုက်တဲ့အခါမှာတော့ ဒါနအလုပ်၊ သီလအလုပ်၊ သမထ အလုပ်၊ ဘာဝနာအလုပ်ရယ်လို့ (၄)မျိုးတည်းကို တွေ့ရမှာ ဖြစ်ပါတယ်။

http://www.dhammadownload.com



ဒါနကုသိုလ်ဟာ လမ်းရှာဖွေခြင်း၊ လမ်းခင်းခြင်းနဲ့ ဥပမာတူပြီး၊ သီလကုသိုလ်ကျတော့လမ်းလျှောက်မယ့် ခြေထောက်နဲ့ ဥပမာတူပါတယ်။ သမထကုသိုလ်ကျတော့ ခရီးရောက်ဖို့ လမ်းလျှောက်နေခြင်းနဲ့တူပြီး၊ ဝိပဿနာ ကုသိုလ်ကျတော့ အမှန်တရားကိုသိမြင်ခြင်းမျက်စိနဲ့ ဥပမာ တူပါတယ်။

ပိဋကတ်တော်ထဲမှာလည်း ...

'ဒါနံ သဂ္ဂဿ သောပါနံ' ဒါနပါရမီဟာ နတ်ပြည်ရဲ့ တန်ဆောင်းနဲ့ ဥပမာတူတယ်။

'ဒါနံ ပါထေယျ မုတ္တမံ' ဒါနပါရမီဟာ သံသရာ အတွက် ရိက္ခာထုပ်သဖွယ် ဖြစ်တယ်။

'ဒါနံ ဥဇုဂတံ မဂ္ဂံ' ဒါနပါရမီဟာ နိဗ္ဗာန်ရောက် ကြောင်း ဖြောင့်တန်းတဲ့လမ်းမကြီးပဲ စသည်ဖြင့် ဟောကြား တော်မူထားပါတယ်။

ဒါကြောင့် အလောင်းတော်မြတ်ကြီးများဟာ ပါရမီ(၁၀)ပါးကို ဖြည့်ကျင့်ပွားတဲ့အခါမှာ လမ်းမကြီးနဲ့ တူတဲ့ ဒါနပါရမီကို ပဓာနထားပြီး ပထမဦးစားပေးအနေနဲ့ ဖြည့်ကျင့်တော်မူကြတာပါ။

အဲ့ဒါကြောင့် အလောင်းတော်သုမေဓာရသေ့ဟာ မိမိကိုယ်ကို "အမောင်သုမေဓာ၊ အသင်သည် ဘုရားဖြစ်ဖို့ရန်

http://www.dhammadownload.com



အလိုရှိပါမူကား ဤဒါနပါရမီတရားကို အစဦးစွာ အစွဲအမြဲပြုကာ ဆောက်တည်ပြီးလျှင် အထွတ်အထိပ်ရောက်အောင် ဖြည့်ကျင့်လေလော့”လို့ ပြောဆိုဆုံးမတော်မူပါတယ်။

## လှူဒါန်းခြင်းနှင့် စွန့်လွှတ်ခြင်း

ဒါနတရားဆိုတာက ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်းသဘော စွမ်းအားပါ။ စာပေတွေမှာတော့ သာမန်ပစ္စည်းဝတ္ထုတွေကို လှူဒါန်းခြင်းကို **'ဒါန'**လို့ ခေါ်ပြီး၊ ကြီးမားသောပစ္စည်းဥစ္စာတွေကို လှူဒါန်းခြင်းကိုတော့ **'မဟာပရိစ္စာဂ'** စွန့်ခြင်းကြီးများလို့ ခွဲခြားတော်မူခဲ့ပါတယ်။

အလောင်းမြတ်တွေရဲ့ ကြီးမားသော လှူဒါန်းခြင်းတွေကတော့ (၁)ကိုယ်အင်္ဂါကြီးငယ်တို့ကို စွန့်ခြင်း၊ (၂)သားသမီးတို့ကို စွန့်ခြင်း၊ (၃)ဇနီးမယားကို စွန့်ခြင်း၊ (၄)စည်းစိမ်ဥစ္စာ များစွာတို့ကို စွန့်ခြင်း၊ (၅)ကိုယ့်အသက်ကို စွန့်ခြင်းရယ်လို့ စွန့်ခြင်းကြီး(၅)မျိုး ဖြစ်ပါတယ်။ တကယ်တော့ ကြီးမားသော အလှူပဲဖြစ်ဖြစ်၊ သေးငယ်သော အလှူပဲဖြစ်ဖြစ် လိုရင်းကတော့ လောဘရဲ့ ဆန့်ကျင်ဘက် **အလောဘ** စေတနာ တရားကိုယ်ကောက်ယူရတဲ့ **'ဒါန'** ပါရမီတရားပါပဲ။

http://www.dhammadownload.com



## လှူတာကို ယူတယ်လို့မှတ်

ဒါနပါရမီတရားက မိမိရဲ့ စိတ်ထဲမှာ ရယူသိမ်းပိုက်မှု လောဘကိလေသာကို တိုက်ရိုက်ပယ်သတ်စွန့်လွှတ်နိုင်မှု ပြုပါတယ်။ လောဘနဲ့အတူ ပါဝင်ပတ်သက်နေတဲ့ ငါ၊ သူတစ်ပါးစသည်ဆိုသော ဒိဋ္ဌိ၊ ငါမို့၊ သူမို့ စသည်ဖြစ်သော မာန၊ ငါ့နယ်ပယ်၊ ငါ့ပိုင်နက်ရယ်လို့ စည်းတားသော မစ္ဆရိယတရားဆိုးတွေကိုလည်း သွယ်ဝိုက်တဲ့နည်းနဲ့ ပယ်သတ်စွန့်လွှတ်နိုင်မှုလည်း ပြုပါတယ်။

ဒါနတရားကို အပေါ်ယံကြည့်တဲ့အခါ ပညတ်အမြင်မှာ လှူဖွယ်ပစ္စည်းအသီးသီးကို စွန့်လွှတ်လိုက်ရတာဖြစ်ပေမဲ့ တကယ့်တမ်း အတွင်းကျကျကြည့်တော့ ပရမတ်အမြင်မှာ လောဘစေတနာစတဲ့ ကိလေသာတရားဆိုးတွေကို စွန့်လွှတ်နိုင်လိုက်တာပါပဲ။

ဒါနကုသိုလ်မှု တစ်ခုခုကို ပြုနိုင်လိုက်သူဟာ ကိုယ် သိမ်းပိုက်ထားတဲ့ ပစ္စည်းဝတ္ထုတွေ ကုန်သွားပေမဲ့ ကိုယ် မလိုချင်တဲ့ လောဘစတဲ့ကိလေသာတရားဆိုးတွေ လွင့်ပျောက်သွားပြီး အလောဘစတဲ့ သူတော်ကောင်းဓာတ် တရားမြတ်တွေကို လက်ငင်းရရှိနိုင်ပါတယ်။

ပြီးတော့ အလောဘစတဲ့ သူတော်ကောင်းဓာတ်

http://www.dhammadownload.com



တရားမြတ်တွေက တုံ့ပြန်ပေးဆပ်လိုက်တဲ့ ဘဝကောင်းသို့ ရောက်ရှိခြင်း၊ စည်းစိမ်ချမ်းသာပြည့်စုံခြင်းစတဲ့ ကောင်းမြတ်တဲ့အကျိုးတရားတွေကိုလည်း 'ကမ္မပစ္စယော' ပဋ္ဌာန်းနည်းသဘောနဲ့ ကံ၊ ကံရဲ့အကျိုးစွမ်းရည်သတ္တိတွေကို ကိုယ်မမြင်လိုက်ဘဲ ရရှိနိုင်လိုက်တာပါပဲ။

ဥပမာအားဖြင့် သတိပဋ္ဌာန်ကျောင်းတိုက်မှာ မဟာမြိုင်မိသားစုတွေက ရွှေတိဂုံပုံတူဖြစ်တဲ့ နဝင်္ဂသုခစေတီတော်မြတ်ကြီးကို တည်ထားကိုးကွယ်မှုမျိုးလို ဘုရားတည်မှု ကုသိုလ်ပြုပြီး ဒါနပါရမီကို ဖြည့်ကျင့်နိုင်လိုက်ပြီဆိုပါတော့။

ဘုရားတည်မှု ကုသိုလ်အစုထဲမှာ ကိုယ်ရင်းနှီးစိုက်ထုတ်လိုက်ရတဲ့ အသပြာအရင်းအနှီးတွေ၊ ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ စေတနာအရင်းအနှီးတွေဟာ ပေးဆပ်လိုက်ရတာပါ။ စွန့်လွှတ်လိုက်ရခြင်းပါ။

အဲ့သလို ပေးဆပ်စွန့်လွှတ်ခြင်းတွေကို ပရမတ်ဉာဏ်အမြင်နဲ့ကြည့်တဲ့အခါမှာ အလှူရှင်သူတော်စင်တွေရဲ့ သန္တာန်မှာ အဲ့သလို ကုသိုလ်မှုတွေကို မပြုဖြစ်အောင်၊ မပြုနိုင်အောင် ပိတ်ပင်တားဆီးထားနိုင်စွမ်းရှိတဲ့ တဏှာ၊ ဒိဋ္ဌိ၊ မာန၊ မစ္ဆရိယစတဲ့ သံသရာနယ်ချဲ့ ကိလေသာတရားဆိုးတွေကိုပါ ဖျက်ဆီးသွားတာကို တွေ့မြင်ရမှာပါ။

http://www.dhammadownload.com



ပြီးတော့ ပေးဆပ်ခြင်း၊ စွန့်လွှတ်ခြင်းတွေရဲ့ ဟိုမှာကမ်းတစ်ဖက်မှာ ကပ်ငြိတွယ်တာမှုကင်းတဲ့ အလောဘစေတ်တွေ၊ သတ္တဝါတွေရဲ့အကျိုးကို လိုလားတဲ့ မေတ္တာစေတ်တွေ၊ အကြောင်းမှန်၊ အကျိုးမှန်ကို ဝေဖန်စိစစ်ပြီး သိမြင်နိုင်တဲ့ အမောဟစေတ်တွေဟာ အလှူရှင်သူတော်စင်တွေရဲ့သန္တာန်မှာ မလွဲမသွေ ကိန်းဝပ်ဖြစ်တည်လာတာကို သိမြင်နိုင်မှာပါပဲ။

ပြီးတော့ အဲ့သလို သူတော်ကောင်းစေတ် တရားမြတ်တွေရဲ့ အကြောင်းရင်းခံကာ ဖန်တီးလိုက်နိုင်မှုကြောင့်လည်း ဘဝသံသရာတစ်လျှောက်လုံးမှာ ဘဝသမ္ပတ္တိ၊ ဘောဂ သမ္ပတ္တိ၊ မဂ္ဂသမ္ပတ္တိ၊ ဖလသမ္ပတ္တိ အစရှိတဲ့ ပစ္စုပ္ပန်၊ သံသရာ အကျိုးတရားများဟာ အရောက်ဝေးနေခဲ့ရင်တောင်မှ အနီးကပ် သိမြင်နိုင်ဦးမှာ အသေအချာပဲ ဖြစ်ပါတယ်။

ဒါ့ကြောင့် ရှေးသူတော်ကောင်းကြီးတွေက ဒါန ပါရမီအမှုနဲ့ပတ်သက်ပြီး "လှူတာကို၊ ယူတယ်လို့မှတ်" ရယ်လို့ အလွယ်လေး သတိပေးဆုံးမတော်မူခဲ့တာ ဖြစ်ပါ တယ်။

http://www.dhammadownload.com



## ဒါနအမျိုးအစား (၂) ပါး

ဒါနတရားကို လိုရင်းချုပ် ခွဲခြားလိုက်ရင် (၂)မျိုး ကွဲပြားတာကို တွေ့ရပါလိမ့်မယ်။ လောကမှာ အလှူအတန်း တွေ အမျိုးမျိုးရှိပါတယ်။ ဘုရားအလှူ၊ တရားအလှူ၊ သံဃာ ကိုလှူတဲ့အလှူ၊ သင်္ကန်းအလှူ၊ ဆွမ်းအလှူ၊ ဆေးအလှူ၊ ကျောင်းအလှူ၊ တန်ဆောင်းအလှူ၊ ကထိန်အလှူ၊ ဝါဆိုအလှူ၊ ရှင်ပြု ရဟန်းခံအလှူ၊ မွေးနေ့အလှူ စသည်အားဖြင့် အလှူ ပေါင်းများစွာဟာ ရေတွက်မကုန်နိုင်အောင် ရှိပါတယ်။ ဒါပေမဲ့ လိုရင်းအချုပ်ကတော့ (၁)ဝတ္ထုဒါနရယ်၊ (၂)စေတနာဒါနရယ် (၂)မျိုးတည်းရယ်သာ ဖြစ်ပါတယ်။

(၁)ဝတ္ထုဒါနဆိုတာက– မိမိစွန့်လွှတ် လှူဒါန်းမဲ့ လှူဖွယ်ပစ္စည်းအမျိုးမျိုးကို ဒါနလို့ခေါ်တာပါ။ မြန်မာလို ကတော့ 'လှူဖွယ်ပစ္စည်းကို စွန့်လွှတ်ခြင်း'ပါ။ ဘာဖြစ်လို့ ပစ္စည်းဝတ္ထုတွေကို ဒါနလို့ပြောရသလဲမေးရင် .... ဒီပစ္စည်းဝတ္ထုတွေရှိလို့သာ လှူနိုင်တာပေါ့။ ပစ္စည်းဝတ္ထု တွေသာမရှိရင် စေတနာဘယ်လောက်ရှိရှိ၊ လှူလို့မှ မရနိုင်တာကိုး။ ဟုတ်ပါတယ်။ အလှူတစ်ခုမှာ အင်္ဂါ (၄)ချက် ဟန်ချက်ညီစွာ ပြည့်စုံနေဖို့ လိုပါတယ်။

(၁) အလှူပေးပုဂ္ဂိုလ်၊

(၂) အလှူခံပုဂ္ဂိုလ်၊

http://www.dhammadownload.com



(၃) လှူဖွယ်ပစ္စည်း၊

(၄) စွန့်လှူကြောင်းစေတနာ၊

အထက်ပါအင်္ဂါ(၄)ချက် မပြည့်စုံခဲ့ရင် အလှူ အထမမြောက်နိုင်ပါဘူး။ ဒါကြောင့် အခြားအင်္ဂါ (၃)ပါး ပြည့်စုံနေသော်လည်း ဝတ္ထုမရှိလို့ မလှူဖြစ်သူတွေဟာ လောကမှာ ဒုနဲ့ဒေးပါပဲ။

(၁) စေတနာဒါနဆိုတာက- မိမိပိုင် လှူဖွယ် ပစ္စည်းတွေကို စွန့်လှူကြောင်းဖြစ်တဲ့ စေတနာကို ဒါနလို့ ခေါ်တာပါ။ စေတနာဆိုတာကလည်း စေတနာမြောက် မြားစွာရှိတဲ့အထဲမှာ ယူတာက လောဘစေတနာဆိုတော့ လှူတာက အလောဘစေတနာပေါ့။

လူတွေမှာ လှူစရာပစ္စည်းဝတ္ထုတွေ အင်မတန် ပေါများနေသော်လည်း လှူလိုတဲ့စိတ်၊ စေတနာရှိမှသာ လှူနိုင်ကြတာပါ။ စေတနာမရှိသူတွေဟာ ဘယ်လောက် ချမ်းသာချမ်းသာ နည်းနည်းလေးတောင် မလှူနိုင်ပါဘူး။ ဒါကြောင့် အလောဘစေတနာဟာ စွန့်လွှတ်လှူဒါန်းခြင်းရဲ့ အကြောင်းတရားဖြစ်လို့ ဒါနလို့ ခေါ်ရတာ ဖြစ်ပါတယ်။

### စေတနာသုံးတန် ဒါနမှန်

စွန့်လွှတ်လှူဒါန်းတဲ့အခါမှာ စွန့်လှူခြင်းရဲ့ အကြောင်းတရားဖြစ်တဲ့ စေတနာဟာ ...

http://www.dhammadownload.com



(၁) မစွန့်လှူခင် ရှေးယခင်ကဖြစ်နေသော ပုဗ္ဗစေတနာ၊
(၂) စွန့်လှူနေဆဲ အခိုက်မှာ ဖြစ်နေသော မုဉ္စစေတနာ၊
(၃) စွန့်လှူပြီးချိန်မှာဖြစ်နေသော အပရစေတနာရယ်လို့ သုံးမျိုး ကွဲပါတယ်။

ဒါနတရားရဲ့ တရားကိုယ်အစစ်ကတော့ မုဥ္စစေတနာပါ။ မုဥ္စရဲ့အဓိပ္ပါယ်ကလည်း စွန့်လွှတ်ခြင်းပါ။ ဘဝသံသရာမှာ အကျိုးပေးတဲ့အခါ အဲဒီမုဥ္စစေတနာ ကံကသာ ပဓာနအကျိုးကို ထိရောက်စွာ ပေးနိုင်တာပါ။ ဒါပေမဲ့ ပုဗ္ဗစေတနာနဲ့ အပရစေတနာတွေကိုလည်း သာမညအကျိုးများကို ပေးနိုင်စွမ်းရှိတာမို့ ဒါနလို့သာ ဆိုရပါတယ်။

စေတနာဒါနနဲ့ ဝတ္ထုဒါန (၂)မျိုးရှိတဲ့အထဲမှာ စေတနာဒါနကသာ ကံဖြစ်နေလို့ ဘဝသံသရာမှာ ဆိုင်ရာအကျိုးတွေကို ပေးနိုင်စွမ်းရှိပါတယ်။ ဝတ္ထုဒါနကတော့ အကျိုးပေးနိုင်စွမ်းလုံးဝမရှိပါဘူး။ ဒါကိုတချို့က ပစ္စည်းဝတ္ထုကို အကျိုးပေးနိုင်စွမ်းမရှိဘဲနှင့် ဘာကြောင့် ဒါနလို့ ဆိုရပါလဲ ... မေးတတ်ပါတယ်။

အဖြေကတော့ ကံအကျိုးကိုပေးနိုင်စွမ်းရှိတဲ့ စေတနာဟာ တကယ်တော့ လှူဖွယ်ပစ္စည်းဝတ္ထုမရှိဘဲ သူ့ချည်း သက်သက် ဒါနကံအရာ မမြောက်နိုင်ပါဘူး။ အထက်မှာ ဖော်ပြခဲ့တဲ့အင်္ဂါ(၄)ချက်ကို ပြန်ကြည့်ပါ။

http://www.dhammadownload.com



လှူဖွယ်ပစ္စည်းထင်ရှားရှိတဲ့ စေတနာကသာ ဒါနကံ မြောက်ပါတယ်။ ပစ္စည်းဝတ္ထုဟာ ဒါနကံ ဖြစ်မြောက်ဖို့ အရေးကြီးတဲ့အကြောင်းတရား ဖြစ်နေပါတယ်။ ဒါကြောင့် ပစ္စည်းဝတ္ထုဟာ တိုက်ရိုက် အကျိုးမပေးနိုင်ပေမယ့် သွယ်ဝိုက်နည်းနဲ့ကတော့ အကြောင်းဆက်အကျိုးမျိုးကို ပေးနိုင်စွမ်းရှိတယ်လို့ မှတ်ရမှာပါ။

ဗုဒ္ဓဘာသာဝင် သူတော်စင်အများစုဟာ ပါရမီတရား (၁၀)ပါးလုံးကို အလောင်းတော်ကြီးတွေရဲ့ ထုံးကို နှလုံးမူပြီး ဖြည့်ကျင့်အားထုတ်လိုသော်လည်း ဒါနပါရမီကိုသာ အကြိမ်မြောက်မြားစွာ ဖြည့်ကျင့်အားထုတ်ဖြစ်လေ့ ရှိပါတယ်။

ဒါနတရားနဲ့ ပါရမီလမ်းစကို ရှာဖွေတွေ့ရှိနိုင်သူတွေအနေနဲ့ သီလတရား၊ သမာဓိတရား၊ ပညာတရားတွေကို ဖြည့်ပွားနိုင်ကြတာပါ။

တကယ်တော့ ဒါနအမှုနဲ့လည်း ဆက်စပ်ရာကိလေသာတရားဆိုးတွေကို စွန့်လွှတ်နိုင်ရမှာပါပဲ။ သီလအမှုနဲ့လည်း သက်ဆိုင်ရာကိလေသာတရားဆိုးတွေကို စွန့်လွှတ်နိုင်ရမှာပါပဲ။ သမထဘာဝနာအမှုတွေ၊ ဝိပဿနာဘာဝနာ အမှုတွေနဲ့လည်း ဆိုင်ရာကိလေသာ တရားဆိုး

http://www.dhammadownload.com



တွေကို စွန့်လွှတ်နိုင်ရမှာပါပဲ။

ဒါပေမဲ့ သီလ၊ သမထ၊ ဝိပဿနာအမှုတွေနဲ့ သက်ဆိုင်ရာ ကိလေသာတရားဆိုးတွေကို အကြောင်းကြောင်းတွေကြောင့် ပယ်သတ်နိုင်ခြင်း မရှိသေးသူတွေမှာတော့ ဒါနအမှုနဲ့ ဆက်စပ်ရာကိလေသာတရားဆိုးတွေကို အဦးဆုံး စွန့်လွှတ်ပယ်သတ်နိုင်ခြင်းအစွမ်းက နောင်တစ်ချိန်မှာ သီလ၊ သမာဓိ၊ ပညာတရားတွေကို ကြောင်းကျိုးဆက်သွယ်မှုအစွမ်းတွေနဲ့ ကျေးဇူးပြုပြီး ထောက်ပံ့ကူညီသွားလေ့ရှိပါတယ်။

## ဒါနပါရမီဖြင့် စွန့်လွှတ်ခြင်းများ

အခုခေတ် ဗုဒ္ဓဘာသာဝင်အများစုဟာ ပါရမီ (၁၀)ပါးတရားအားလုံးကို သိရှိကြပေမဲ့ ပါရမီနုစဉ်လူသားများပီပီ ဒါနပါရမီတစ်ခုကိုပဲ ပဓာနပြုပြီး အားထုတ်နိုင်လေ့ရှိပါတယ်။ ဒါကြောင့် အရေးလည်းကြီးပြီး လူအများစုလည်း အပြုလွယ်တတ်တဲ့ ဒါနပါရမီကို အလွယ်မပြုကြဘဲ အကျိုးကြီးမားတဲ့ ဒါနပါရမီတစ်ခု ဖြစ်မြောက်အောင် ပြုလုပ်နိုင်ဖို့အတွက် ဒါနပါရမီဖြင့် စွန့်လွှတ်နည်းအချို့ကို လိုရင်းချုပ် ဖော်ပြပါဦးမယ်။

http://www.dhammadownload.com



(၁) ဒါနတရားရဲ့ လက္ခဏာ (အမှတ်အသား)က 'စွန့်လွှတ်ရခြင်း' ပါ။

(၂) ဒါနတရားရဲ့ ရသ (စွမ်းရည်)က 'ငြိတွယ်မှုကို ဖျက်ဆီးခြင်း၊ အပြစ်ကင်းခြင်း' ပါ။

(၃) ဒါနတရားရဲ့ထင်ရှားမှု (အကျိုးသက်ရောက်) သဘောက 'ငြိတွယ်မှုကင်းခြင်း၊ ဘဝကောင်းကိုရရှိခြင်း၊ စည်းစိမ်ဥစ္စာ တိုးပွားပြည့်စုံခြင်း' ပါ။

(၄) ဒါနတရားရဲ့ပဒဋ္ဌာန် (အနီးဆုံးအကြောင်း) က 'စွန့်လွှတ်စရာ ပစ္စည်းဝတ္ထုအစုစု' ပါ။

မိမိပြုလုပ်သမျှ ဒါနမှုတစ်ခုတိုင်းမှာ အထက်ပါ အင်္ဂါ(၄)ချက်လုံး ပြည့်စုံနေရမှာကို သတိပြုရပါမယ်။

## နှစ်ပါးတွဲဒါနများ

လောကမှာ လူသားတွေ ပြုလုပ်နေသမျှ ဒါနတရားတွေကို (၂)မျိုးစီ ခွဲခြားကြည့်ရင်...

(၁) ဓမ္မဒါန–တရားတော်နှင့် ပတ်သက်၍ စွန့်လွှတ်လှူဒါန်းခြင်း၊

(၂) အာမိသဒါန–ပစ္စည်းဝတ္ထုအစုစုကို စွန့်လွှတ်လှူဒါန်းခြင်းရယ်လို့ နှစ်မျိုးရှိပါတယ်။

http://www.dhammadownload.com



## ဓမ္မဒါနအမှုများ

ဓမ္မဒါနဆိုတာ တရားတော်နဲ့ပတ်သက်ပြီး မိမိသန္တာန်မှာ လောဘ၊ ဒိဋ္ဌိ၊ မာန၊ မစ္ဆရိယစတဲ့ ကိလေသာတရားဆိုးတွေကို စွန့်လွှတ်နိုင်လိုက်တာပါ။ သူတစ်ပါးတွေကို တရားတော်ဟောကြားခြင်း၊ သင်ပေးခြင်း၊ တရားပြခြင်းစတဲ့ ကုသိုလ်အမှုမျိုးတွေဟာ ဓမ္မဒါနကုသိုလ် ဖြစ်ပါတယ်။

တချို့ကတော့ ကိုယ်တိုင်က တရားမဟောနိုင်၊ တရားစာ မသင်နိုင်ပေမယ့် တရားပွဲဖြစ်မြောက်အောင်၊ ဓမ္မစာပေသင်တန်းတွေ ဖြစ်ပေါ်လာအောင်၊ တရားစခန်းပွဲတွေ ပြုလုပ်ဖြစ်အောင် ငွေကြေးထောက်ပံ့လှူဒါန်းခြင်း၊ တရားစာအုပ်များ ရိုက်နှိပ်ဖြန့်ဝေခြင်း၊ အထောက်အပံ့ဖြစ်စေမယ့် ဝေယျာဝစ္စအမှုများ ဝိုင်းဝန်းပြုလုပ်ပေးခြင်းတွေဟာ ဓမ္မဒါနတွေချည်းပါ။

လောကမှာ ဘုရား၊ ပုထိုးတွေ၊ စေတီရုပ်ပွားတော်ကြီးတွေကို ထုလုပ်၊ တည်ထားလှူဒါန်းပြီး ကုသိုလ်အမှု ပြုလုပ်သူတွေဟာလည်း အများအပြားပဲရှိပါတယ်။

တချို့ကတော့ 'စေတီ၊ ရုပ်ပွားတော်တွေ တည်ထားလှူဒါန်းမှုမှာ ပစ္စည်းဥစ္စာ အများအပြား စွန့်လွှတ်လှူဒါန်းရသော်လည်း ဒါနမဖြစ်လို့ ဆိုတတ်ကြ

http://www.dhammadownload.com



ပါတယ်။ သူတို့က စေတီ၊ ရုပ်ပွားတော်တွေမှာ အလှူပုဂ္ဂိုလ်၊ ဘုရားဒါယကာတွေ ထင်ရှားရှိသော်လည်း အလှူခံပုဂ္ဂိုလ် မရှိလို့’တဲ့။ အလှူပေးသူ၊ အလှူခံသူနှစ်မျိုးလုံးစုံညီမှ အလှူဖြစ်မြောက်နိုင်တာကိုး။ အဲဒါကြောင့် သူတို့က ဒီလိုအလှူမျိုးမှာ ဒါန မဖြစ်နိုင်ဘဲ ဗုဒ္ဓါနုဿတိဘာဝနာပဲ ဖြစ်တယ်လို့ ဆိုပါတယ်။

တချို့ဆရာတွေကတော့ ‘စေတီ၊ ရုပ်ပွားတော်တွေ တည်ထားလှူဒါန်းသူတွေဟာ ရှိသေသင့် ရှိသေထိုက်ဆုံး ဖြစ်တဲ့ မြတ်စွာဘုရားကို အရိုအသေပြုပြီး ပူဇော်ထားတာ ဖြစ်လို့ ပုညကြိယာဝတ္ထု(၁၀)ပါးထဲက အပစာယနကုသိုလ် ထဲ ထည့်သွင်းရမယ်လို့ ဆိုပါတယ်။

အဲ့သလို အရိုအသေပြုခြင်းကုသိုလ်ဟာ စာရိတ္တ သီလမျိုးဖြစ်တာမို့ စေတီ၊ ရုပ်ပွားတော် တည်ထားလှူဒါန်း မှုဟာ ဒါနမဖြစ်၊ သီလပဲဖြစ်တယ်လို့ ပြောပါတယ်။

တကယ်တော့ ဗုဒ္ဓါနုဿတိ သမထကုသိုလ်နဲ့ အပစာယန သီလကုသိုလ်တွေဟာ လှူဖွယ်ပစ္စည်းဝတ္ထု တွေကို စွန့်လွှတ်လှူဒါန်းခြင်းနဲ့ မသက်ဆိုင်ပါဘူး။ အခုလို စေတီ၊ ရုပ်ပွားတော်တွေကို တည်ထားလှူဒါန်းမှုမှာတော့ ငွေကြေး၊ ပစ္စည်းဝတ္ထုတွေ အများအပြား စွန့်လွှတ်ရတာ ကြောင့် ဒါနမှုနဲ့သာ သက်ဆိုင်ပါတယ်။

http://www.dhammadownload.com



စေတီ၊ ရုပ်ပွားတော်ကြီးတွေ တည်ထားလှူဒါန်းမှု ကုသိုလ်မျိုးမှာ အလှူပေးပုဂ္ဂိုလ်ဟာ ဘုရားဒါယကာ၊ ဘုရား ဒါယိကာမများဖြစ်ပြီး အလှူခံပုဂ္ဂိုလ်ကတော့ စေတီရုပ်ပွား တော်ကြီးတွေကို ကြည်ညိုပူဇော်သူ နတ်၊ လူ၊ ရှင် ရဟန်း အားလုံးပဲ ဖြစ်တယ်လို့ မင်းကွန်းဆရာတော်ကြီးက ဆုံးဖြတ် တော်မူထားပါတယ်။

ဒါကြောင့် စေတီ၊ ရုပ်ပွားတော်ကြီးတွေကို တည်ထားကိုးကွယ်၊ လှူဒါန်းခြင်းဟာလည်း ဓမ္မဒါနပဲ ဖြစ်တယ်လို့ မှတ်ရပါမယ်။

## အာမိသဒါနအစုစုများ

လိုရင်းအချုပ်အားဖြင့် ရဟန်းတော်တွေအတွက် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းဝတ္ထုလေးပါးကို လှူဒါန်းခြင်းဟာ **အာမိသဒါန**ပါ။ အဘိဓမ္မာနည်းအားဖြင့် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ တရားသဘော ဆိုတဲ့ အာရုံခြောက်ပါးကို လှူဒါန်းခြင်းဟာ အာမိသ ဒါနပါ။ သုတ္တန်နည်းအားဖြင့် အစားအစာ၊ သောက်ဖွယ်ရာ၊ အဝတ်၊ ယာဉ်၊ ပန်း၊ နံ့သာ၊ လိမ်းခြယ်စရာ၊ အိပ်ရာနေရာ၊ ကျောင်းတန်ဆောင်း၊ ဆီမီးဆိုတဲ့ (၁၀)မျိုး ကို လှူဒါန်းခြင်းဟာ အာမိသဒါနပါ။

http://www.dhammadownload.com



## အလှူ(၂)မျိုးနှင့် တန်ဖိုး

အလှူဒါနပြုတဲ့အခါမှာ လူ၊ နတ် ချမ်းသာကို တောင့်တပြီး လှူတဲ့အလှူထက် သံသရာဝဋ်မှ လွတ်မြောက်ရာ နိဗ္ဗာန်ချမ်းသာကို တောင့်တလှူတဲ့အလှူက ပိုမြတ်ပါတယ်။ နိဗ္ဗာန်ချမ်းသာကို တောင့်တပြီးလှူတဲ့ အလှူက လူနတ်ချမ်းသာလည်းရ၊ သံသရာဝဋ်မှလည်း လွတ်မြောက်လို့ပါ။

လောဘ၊ ဒေါသစတဲ့ အပြစ်မကင်းတဲ့အလှူထက်၊ အလောဘ၊ အဒေါသစတဲ့အပြစ်ကင်းတဲ့အလှူက ပိုမွန်မြတ်ပါတယ်။ အပြစ်ကင်းတဲ့အလှူကသာ အပြစ်မပါတဲ့ အကျိုးတရားတွေကို ရရှိစေနိုင်လို့ပါ။

စေခိုင်းပြီးလှူတဲ့အလှူထက် ကိုယ်ထိလက်ရောက်လှူမှုက ပိုမြတ်ပါတယ်။ ကိုယ်တိုင်လှူခြင်းဟာ ကံသုံးပါးလုံးနဲ့ ဒါနကိုပြုခွင့်ရတာမို့ အကျိုးတရားလည်း ပိုများပြားလို့ပါ။

ဖြစ်သလို ကြုံသလိုအလှူထက် လှူဖွယ်ပစ္စည်း၊ အလှူခံပုဂ္ဂိုလ်အပေါ် ရိုသေစွာလှူခြင်းက ပိုမြတ်ပါတယ်။ ရိုသေစွာလှူမှုကသာ သူတစ်ပါးအပေါ် ဩဇာလွှမ်းမိုးနိုင်လို့ပါ။

မသိဘဲလှူတဲ့အလှူနဲ့ သိလို့လှူမှု 'ဉာဏ်ယှဉ်

http://www.dhammadownload.com



ဒါန 'က ပိုမြတ်ပါတယ်။ သိလို့လှူတဲ့အလှူဟာ မဂ်ဉာဏ်အထိ အသိဉာဏ်အဆင့်ဆင့် ရင့်ကျက်စေတဲ့ အကျိုးရှိလို့ပါ။

သိလို့လှူသူဟာ အနိမ့်ဆုံး... ကံ၊ ကံ၏အကျိုးကို သိမြင်ထားရပါမယ်။ ဆိုင်ရာမျိုးစေ့က ဆိုင်ရာအသီးကို ဖြစ်စေနိုင်သလိုပဲ၊ ကိုယ်ပြုမိလိုက်တဲ့ကုသိုလ်ကံတစ်ခုဟာ ဆိုင်ရာကောင်းကျိုးတွေကို မလွဲမသွေ ရရှိစေတယ်လို့ သိထားရပါမယ်။

အကြောင်းကို ပြုတဲ့အတွက် ဆိုင်ရာသက်ရောက်မှု အကျိုးဟာ ဆုမတောင်းပေမယ့်လည်း ရရှိလာတော့မှာ မလွဲကေန်ပါပဲ။

အမြင့်ဆုံး... ရုပ်နာမ်၊ အနိစ္စစသည်ကို သိမြင်ရပါမယ်။ အခုပေးလှူလိုက်တဲ့ လှူဖွယ်ပစ္စည်းတွေရယ်၊ ပြီးတော့ အခုတွေ့နေရတဲ့ အလှူပေး၊ အလှူခံပုဂ္ဂိုလ်တွေရဲ့ ရုပ်နာမ်ခန္ဓာတွေဟာ မြဲလား၊ မမြဲဘူးလား၊ မမြဲဘူးဆိုရင် အနိစ္စလို့ ဒိဋ္ဌသိရမယ်။ ရေရှည်မှာ ဆင်းရဲသလား၊ ချမ်းသာသလား၊ ဆင်းရဲရင် ဒုက္ခလို့ ဒိဋ္ဌသိရမယ်။ တကယ်တမ်းကျတော့ ဘယ်သူက၊ ဘယ်သူ့ကို အစိုးရနိုင်သလဲ၊ အစိုးမရနိုင်ရင် အနတ္တလို့ ဒိဋ္ဌသိရမယ်။

ဒါကြောင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်တဲ့ လှူဖွယ်

http://www.dhammadownload.com



ပစ္စည်းတွေကို အနိစ္စ၊ ဒုက္ခ၊ အနတ္တာဖြစ်တဲ့ အလှူခံပုဂ္ဂိုလ်တို့အား အနိစ္စ၊ ဒုက္ခ၊ အနတ္တာဖြစ်တဲ့ အလှူပေးသူတွေက လှူဒါန်းနေခြင်းမျှပဲရယ်လို့ ရှင်းလင်းစွာ သိရမယ်။

မပျင်း၊ မပျော်လှူတဲ့အလှူထက် နှစ်သက်ရွှင်လန်းစွာ လှူမှု 'သောမနဿဒါန' က ပိုမြတ်ပါတယ်။ နှစ်သက်ရွှင်လန်းစွာ ပေးလှူမှုဟာ အကျိုးတရားကို ချမ်းသာပျော်ရွှင်စွာ ရရှိခံစားရလို့ပါ။

မတရားနည်းနဲ့ ရှာဖွေရရှိလို့ လှူခြင်းထက် တရားသဖြင့် ရှာဖွေရရှိလို့လှူခြင်း 'ဓမ္မိကဒါန' က ပိုမြတ်တယ်။ တရားသဖြင့် ရှာဖွေရရှိလို့လှူခြင်းဟာ အောင်မြင်သော မျိုးစေ့ကို စိုက်ပျိုးရတာနဲ့ တူပါတယ်။

ခေတ္တအသုံးအဆောင်ဖြစ်တဲ့ ဆွမ်း၊ သင်္ကန်းစတာတွေကို လှူခြင်းထက် ထာဝရအသုံးအဆောင်ဖြစ်တဲ့ ကျောင်း၊ တန်ဆောင်းစတာတွေကို လှူခြင်းက ပိုမြတ်တယ်။ ထာဝရအသုံးအဆောင်တွေဟာ နေရာတည်မြဲပြီး တစ်ခုလှူတာနဲ့ အများစုကို လှူရာရောက်လို့ပါ။

တစ်ခါတစ်ရံလှူတဲ့ အနိဗဒ္ဓအလှူထက် နေ့စဉ်အမြဲလှူတဲ့ နိဗဒ္ဓအလှူကပိုမြတ်တယ်။ အမြဲအလှူဟာ အာသေဝန ပစ္စည်းနဲ့ ကျေးဇူးပြုမှုကို ရရှိလိုက်လို့ပါ။

တစ်ဦးတစ်ယောက်ပုဂ္ဂိုလ်ကို ရည်ညွှန်းလှူခြင်း

http://www.dhammadownload.com



ထက် အစုအပေါင်းသံဃာကို အာရုံပြုလှူခြင်း 'သံဃိက ဒါန'က ပိုမြတ်တယ်။ အစုအပေါင်းသံဃာထဲမှာ အရိယာ ပုဂ္ဂိုလ်ကြီးများလည်း ပါဝင်ပြီး ဖြစ်လို့ပါ။

အချိန်အခါမရွေး လှူတဲ့အလှူထက် အချိန်အခါ ကိုက်လှူတဲ့ '**ကာလဒါန**'က ပိုမြတ်တယ်။ ကထိန်အလှူ၊ ဝါဆိုအလှူ၊ ခရီးသွားအလှူ၊ ဂိလာနအလှူတွေဟာ ကာလဒါန တွေပါ။ ကာလဒါနကို လှူတဲ့အတွက် ကိုယ် လိုအပ်တဲ့ အချိန်မှာ အချိန်ကိုက် အကျိုးတရားတွေ ဖြစ်ပေါ်လာနိုင် လို့ပါ။

## အလှူ (၃) မျိုးနှင့် တန်ဖိုးများ

ကိုယ့်သန္တာန်မှာ ဆန္ဒ၊ စိတ်၊ ဝီရိယ၊ ပညာတွေ နည်းပါးတဲ့အလှူ၊ နာမည်ဂုဏ်သတင်း ကျော်စောခြင်းကို မျှော်တဲ့အလှူဟာ '**ဟီနဒါန**'အညံ့စားအလှူပါ။

ဆန္ဒ၊ စိတ်၊ ဝီရိယ၊ ပညာတွေ အလယ်အလတ် ပါဝင်နေတဲ့ အလှူ၊ လူနတ်ချမ်းသာကို တောင့်တတဲ့အလှူ ဟာ '**မဇ္ဈိမဒါန**'အလတ်စားအလှူပါ။

ဆန္ဒ၊ စိတ်၊ ဝီရိယ၊ ပညာတွေ များပြားစွာ ပါဝင် နေတဲ့အလှူ၊ နိဗ္ဗာန်ချမ်းသာကို တောင့်တတဲ့အလှူဟာ '**ပဏီတဒါန**'အမြတ်စားအလှူပါ။

http://www.dhammadownload.com



အခုခေတ်မှာ အလှူမှတ်တိုင်အဖြစ် ကမ္ပည်းစာတမ်း ရေးထိုးပြီးလှူတဲ့အလှူတွေ အများအပြားရှိပါတယ်။ အဲ့သလို နာမည်ကမ္ပည်းထိုးတဲ့အခါ ကိုယ့်နာမည်ဂုဏ်သတင်း ကျော်စေဖို့၊ လူသိရှင်ကြားသိဖို့ဆိုတဲ့ ကြွားဝါလိုစိတ်တွေကို သတိနဲ့ ပိတ်ဆို့နိုင်ရပါမယ်။

ပြီးတော့ နောင်လာနောက်သားတို့ အတုယူစေဖို့၊ အမွေပြုစေဖို့၊ စာဂါနုဿတိ ဘာဝနာပွားဖို့ဆိုတဲ့ရည်ရွယ်ချက်တွေနဲ့ ပြုလုပ်ရင် ဟီနဒါန မဖြစ်ပါဘူး။

အမြတ်စားအလှူဖြစ်မှသာ အကျိုးပေးတဲ့အခါ အမြတ်စားအကျိုးကို ပေးနိုင်ပါတယ်။

ကိုယ့်အသုံးအဆောင်အောက် ညံ့တဲ့လှူဖွယ်တွေကို ပေးလှူမှုဟာ 'ဒါသဒါန' ကျွန်အလှူပါ။

ကိုယ့်အသုံးအဆောင်နဲ့တန်းတူ လှူဖွယ်တွေကို ပေးလှူမှုဟာ 'သဟာယဒါန' မိတ်ဆွေအလှူပါ။

ကိုယ့်အသုံးအဆောင်ထက် ပိုကောင်းတဲ့ လှူဖွယ်တွေကိုပေးလှူမှုဟာ 'သာမိဒါန' သခင်အလှူပါ။ သခင်အလှူကို ပေးလှူခြင်းကသာ အကျိုးတရားတွေကို ကိုယ်တိုင်ကိုယ်ကျ ပိုင်ဆိုင်မှုအနေနဲ့ ရရှိခံစားရပါတယ်။

ခက်ခက်ခဲခဲ ပင်ပန်းဆင်းရဲစွာပေးလှူရတဲ့အလှူဟာ 'ဒုက္ကရဒါန' ခက်ခဲတဲ့အလှူပါ။ ကြီးကြီးမားမား

http://www.dhammadownload.com



များများပြားပြား လှူဒါန်းရတဲ့အလှူဟာ 'မဟာဒါန' အလှူကြီးပါ။ တခြားအလှူတွေကတော့ 'သာမညဒါန' သာမန်အလှူတွေပေါ့။

ဒုဋ္ဌဂါမဏိမင်းကြီးဟာ တောထဲမှာ စစ်ပြေးဘဝရောက်ရှိနေရချိန် မိမိစားမယ့် တစ်ယောက်စာ စားဖွယ်ရာများကို အငတ်ခံပြီး ပေးလှူခဲ့ပါတယ်။ ဘုရားရှင်လက်ထက်က ကောသမ္ဗကပုဏ္ဏားဇနီးမောင်နှံဟာလည်း နှစ်ယောက်စာကိုယ်ဝတ်တစ်ထည်ကို ခက်ခက်ခဲခဲ ဆုံးဖြတ်ချက်ချပြီးမှ လှူနိုင်လိုက်တာပါ။

လင်္ကာဒီပနိုင်ငံ၊ မဟာဂါမရွာမှာ ထင်းခွေသမားဇနီးမောင်နှံဟာ သမီးလေးကို အပေါင်ခံရာမှ ပြန်ရွေးယူမယ့် ငွေ(၁၅)နဲ့ တောထဲမှာ ဆွမ်းမရရှိတဲ့ ရဟန်းတော်တစ်ပါးကို ခက်ခက်ခဲခဲ ဆွမ်းဝယ်လှူခဲ့ပါတယ်။

သူဝယ်လိုက်တဲ့ ထမင်းဟာ တကယ်တော့ တစ်ပဲဖိုးမျှ မတန်ဘူး။ ဒါပေမဲ့ ငွေ(၁၅)တောင် မတန်တဆ ပေးဝယ်ရတာ။ ထင်းခွေသမားဟာ တစ်ပဲမတန်တဲ့ ထမင်းကို (၁၅)တန်ဖိုးအနေနဲ့ နှလုံးသွင်းသတ်မှတ်ပြီး ခဲယဉ်းလှတဲ့ သဒ္ဓါတရားနဲ့ ပေးလှူလိုက်တာမို့ ရခဲလှတဲ့အကျိုးထူးတွေကို ဘဝမခြားဘဲ ရရှိသွားခဲ့ပါတယ်။

သီရိဓမ္မာသောကမင်းကြီးဟာ ဓမ္မက္ခန္ဓာပေါင်း

http://www.dhammadownload.com



ရှစ်သောင်းလေးထောင်ကို ပူဇော်သောအနေနဲ့ ကျောင်း၊ တန်ဆောင်း၊ စေတီစသည်တွေကို ရှစ်သောင်းလေးထောင် အရေအတွက်စီ လှူဒါန်းခဲ့တာဟာ ကြီးမားတဲ့မဟာဒါန ဖြစ်ပါတယ်။

အဲဒီ ဒါန(၃)ပါးထဲမှာ ဘယ်အလှူက ပိုအကျိုးကြီးသလဲမေးခွန်းကတော့ အလှူပေးပုဂ္ဂိုလ်ရဲ့ နှလုံးသွင်း စေတနာရယ်၊ အလှူခံပုဂ္ဂိုလ်ရဲ့ စင်ကြယ်မှုရယ်ကို စိစစ်ကြည့်ပြီး သိရမှာ ဖြစ်ပါတယ်။

## အလှူကောင်း (၅) မျိုး

၁။ လှူဖွယ်ကို စင်ကြယ်အောင်ပြု၍ လှူခြင်း၊
၂။ စိတ်ထဲမှာ ရိုသေလေးမြတ်မှုရှိ၍ လှူခြင်း၊
၃။ ကိုယ်ထိလက်ရောက် လှူခြင်း၊
၄။ စွန့်ပစ်အပ်သော ပစ္စည်းမျိုးလို မဟုတ်ဘဲ ဂရုတစိုက် လှူခြင်း၊
၅။ ကံ၊ ကံ၏အကျိုးကို သိရှိ၍ လှူခြင်း။

အထက်ပါအင်္ဂါ(၅)ပါးနဲ့ ပြည့်စုံတဲ့အလှူဟာ လှူဖွယ်ပစ္စည်းက အကောင်းစားကြီး မဟုတ်သော်လည်း အလှူကောင်း၊ အကောင်းအလှူသာ ဖြစ်ပါတယ်။ ဆန့်ကျင်ဘက်အလှူတွေကိုတော့ အလှူညံ့တွေရယ်လို့ ခေါ်ရပါတယ်။

http://www.dhammadownload.com



## သူတော်ကောင်းအလှူ (၅) မျိုး

၁။ ကံ၊ ကံ၏အကျိုး၊ ရတနာသုံးပါးတို့ကို ယုံကြည်စိတ်ဖြင့်လှူခြင်း 'သဒ္ဓါဒါန'၊

၂။ လှူဖွယ်ပစ္စည်းနှင့် အလှူခံတို့အပေါ် ရိုသေစွာ လှူခြင်း 'သက္ကစ္စဒါန'၊

၃။ အချိန်အခါကိုက် အလိုက်သိစွာ လှူခြင်း 'ကာလဒါန'၊

၄။ အလှူခံပုဂ္ဂိုလ်ကို ချီးမြှောက်လိုစိတ်ဖြင့် မစွန်းငြိစေဘဲ လှူခြင်း 'အနုဂ္ဂဟိတဒါန'၊

၅။ မိမိနှင့် သူတစ်ပါးတို့ကို အတိုက်အခိုက်မပြုဘဲ မထိပါးစေလျက်လှူခြင်း 'အနုပဃာတဒါန'။

အထက်ပါဒါန(၅)မျိုးလုံးဟာ သာမန်အကျိုးအနေနဲ့ စည်းစိမ်ဥစ္စာ တိုးပွားပြည့်စုံနိုင်ပြီး၊ အကျိုးထူးအနေနဲ့ကတော့ သဒ္ဓါဒါနကြောင့် ရုပ်ချောခြင်း၊ သက္ကစ္စဒါနကြောင့် အခြွေအရံပေါပြီး သြဇာကြီးခြင်း၊ ကာလဒါနကြောင့် လိုအပ်ရာအချိန်မှာ လိုအပ်တဲ့ပစ္စည်းအသုံးအဆောင်ကို ရရှိခြင်း၊ အနုဂ္ဂဟိတဒါနကြောင့် ရရှိတဲ့အသုံးအဆောင်တွေအပေါ် သုံးဆောင်ခံစားလိုစိတ်ညွတ်ခြင်း၊ အနုပဃာတဒါနကြောင့် ရန်သူမျိုးငါးပါး မဖျက်ဆီးနိုင်ခြင်းအကျိုးတွေကို ဖြစ်စေပါတယ်။

http://www.dhammadownload.com



အထက်ပါ သူတော်ကောင်းအလှူ(၅)မျိုးကို ပြောင်းပြန်လှန်လိုက်တဲ့အခါ လူညံ့တွေရဲ့အလှူ(၅)မျိုး ဖြစ်ပါတယ်။ လူညံ့တွေရဲ့အလှူတွေမှာလည်း အကျိုးရတဲ့အခါမှာ မဖွံ့ဖြိုးတဲ့အကျိုးညံ့တွေကိုသာ ရရှိစေပါတယ်။

## အလှူဆိုး(၅)မျိုး

၁။ အရက်သေရည်အလှူ၊

၂။ ပွဲသဘင်အလှူ၊

၃။ ပြည့်တန်ဆာမအလှူ၊

၄။ နွားလားဥသဘအလှူ၊

၅။ မသင့်လျော်သော ရုပ်ပုံပန်းချီအလှူ။

အဲ့ဒီအလှူ(၅)မျိုးကတော့ လှူသူက စေတနာထားပြီးလှူသော်လည်း အကျိုးမပြီးလို့ အချည်းနှီးအလှူဖြစ်ရုံမကဘဲ အကုသိုလ်ကိုရစေလို့ အလှူဆိုးတွေပါ။

## ငွေမကုန်သောအလှူ (၅)မျိုး

၁။ သူ့အသက်ကို မသတ်ဘဲ ရှောင်ကြဉ်ခြင်း၊

၂။ သူ့ဥစ္စာကို မယူဘဲ ရှောင်ကြဉ်ခြင်း၊

၃။ သူ့အိမ်ယာကို မလွန်ကျူးဘဲ ရှောင်ကြဉ်ခြင်း၊

၄။ လိမ်ညာစကား မပြောဘဲ ရှောင်ကြဉ်ခြင်း၊

၅။ သေအရက်ကို မသောက်ဘဲ ရှောင်ကြဉ်ခြင်း။

http://www.dhammadownload.com



အဲဒီ(၅)မျိုးဟာ အမှန်တော့ ငါးပါးသီလဖြစ်လို့ ဒါနမဟုတ်တဲ့ သီလကုသိုလ်တွေပါ။ ဒါပေမဲ့ သူ့အသက်ကို သတ်ခွင့်ကြုံပေမယ့် မသတ်ဘဲ လွှတ်လိုက်တာကိုက ဘေးကင်းမှုကိုပေးလှူခြင်း၊ ဘေးမဲ့အလှူဖြစ်တာကြောင့် မြတ်စွာဘုရားက "ပဉ္စိမာနိ ဘိက္ခဝေ ဒါနာနိ၊ မဟာဒါနာနိ"စသည်ဖြင့် ငွေကြေးမကုန်တဲ့ မဟာဒါန–အလှူကြီးများလို့ ဟောကြားတော်မူတာပါ။

## အလှူ (၈) မျိုးနှင့် တန်ဖိုးများ

၁။ ချစ်လို့ လှူခြင်း၊

၂။ အားနာလို့ လှူခြင်း၊

၃။ မသိလို့ လှူခြင်း၊

၄။ ကြောက်လို့ လှူခြင်း၊

၅။ အစဉ်အလာကြောင့် လှူခြင်း၊

၆။ နတ်ပြည်ရောက်ဖို့ လှူခြင်း၊

၇။ စိတ်နှလုံး ကြည်ရွှင်လန်းဖို့ လှူခြင်း၊

၈။ သမထ၊ ဝိပဿနာအထောက်အပံ့(သမာဓိ)ဖြစ်ဖို့ လှူခြင်း၊

အဲ့ဒီအလှူ(၈)မျိုးထဲမှာ နောက်ဆုံးအလှူဒါနကသာ ကောင်းမှုအရေးအလှူ 'ပုညဝိသယဒါန' ဖြစ်လို့ အမြတ်ဆုံး

http://www.dhammadownload.com



ပါ။ အလှူကြောင့် သမာဓိ၊ ပညာများ တိုးပွားဖြစ်ပေါ်ပြီး မဂ်ဉာဏ်အထိ ရရှိနိုင်လို့ပါ။

အမှတ်(၆)နှင့် (၇)တို့မှာ အလယ်အလတ်အကျိုး ရရှိပြီး၊ ကျန်တဲ့အလှူတွေကတော့ အညံ့စားလှူမှုရေးအလှူ 'လောကဝိသယဒါန' ဖြစ်ပါတယ်။

## မြင့်မြတ်အလှူ (၈) ပါး

၁။ လှူဖွယ်မမြတ်သော်လည်း သန့်ရှင်းစင်ကြယ် တင့်တယ်လှပအောင်ပြု၍ လှူခြင်း၊

၂။ မွန်မြတ်သောလှူဖွယ်ကို လှူခြင်း၊

၃။ သင့်လျော်လိုအပ်သောအခါ၌ လှူခြင်း၊

၄။ အပ်စပ်သော လှူဖွယ်ကို လှူခြင်း၊

၅။ အလှူခံနှင့် လှူဖွယ်ကို ရွေးချယ်လှူခြင်း၊

၆။ စွမ်းသဖြင့် မပြတ်မလပ်စေဘဲ လှူခြင်း၊

၇။ လှူဆဲ၌ စိတ်ကို ကြည်လင်စွာထားလှူခြင်း၊

၈။ လှူပြီးချိန်မှာ ဝမ်းမြောက်စွာ စိတ်ထားခြင်း၊

အဲဒီအလှူ (၈)ပါးလုံးဟာ မြင့်မြတ် အလှူတွေ ဖြစ်တာကြောင့် မြင့်မြတ်တဲ့ အကျိုးတရားတွေကိုပဲ ပေးစွမ်းနိုင်မှာ ဖြစ်ပါတယ်။

http://www.dhammadownload.com



## တရားသောအလှူနှင့် မတရားသောအလှူ

သံဃာအား ညွှတ်ထားပြီးသောလှူဖွယ်ကို တခြားသံဃာအားလှူခြင်း၊ စေတီအားလှူခြင်း၊ တခြားပုဂ္ဂိုလ်အားလှူခြင်း၊ စေတီအား ညွှတ်ထားပြီးသော လှူဖွယ်ကို အခြားစေတီအားလှူခြင်း၊ သံဃာအားလှူခြင်း၊ တခြားပုဂ္ဂိုလ်အားလှူခြင်း၊ ပုဂ္ဂိုလ်တစ်ပါးပါးအား ညွှတ်ထားပြီးသော လှူဖွယ်ကို သံဃာအားလှူခြင်း၊ စေတီအားလှူခြင်း၊ တခြားပုဂ္ဂိုလ်အားလှူခြင်းရယ်လို့ အလှူ(၉)မျိုးဟာ မတရားသောအလှူဖြစ်တာမို့ **'အဓမ္မိကဒါန'** ခေါ်ပါတယ်။

သံဃာအား ညွှတ်ထားပြီးသောလှူဖွယ်ကို ထိုသံဃာအားပင်လှူခြင်း၊ စေတီအား ညွှတ်ထားပြီးသော လှူဖွယ်ကို ထိုစေတီအားပင် လှူခြင်း၊ ပုဂ္ဂိုလ်အား ညွှတ်ထားပြီးသော လှူဖွယ်ကို ထိုပုဂ္ဂိုလ်အားပင် လှူခြင်းဆိုတဲ့ အလှူ(၃)မျိုး ကတော့ တရားသောအလှူဖြစ်တာကြောင့် **'ဓမ္မိကဒါန'** ခေါ်ရပါတယ်။

## အလှူအကျိုး မြတ်နိုးဖွယ်

မိမိပြုလုပ်အားထုတ်လိုက်တဲ့ အလှူတစ်ခုဟာ အကျိုးကြီးမားသလား ၊ အကျိုးနည်းပါးသလား စိစစ်ကြည့်လို့လည်း ရပါတယ်။

http://www.dhammadownload.com



တခါတုန်းက မြတ်စွာဘုရား သာဝတ္ထိမြို့ ဇေတဝန်ကျောင်းမှာ သီတင်းသုံးစဉ် နန္ဒမာတာအမည်ရှိ ဒါယိကာမကြီးတစ်ဦးဟာ သူ့နေအိမ်မှာ အဂ္ဂသာဝကကြီးနှစ်ပါးအမှူးရှိတဲ့ သံဃာတော်များကို အလှူကြီးပေးလှူနေပါတယ်။

မြတ်စွာဘုရားရှင်ဟာ ကျောင်းတော်ကနေပြီး ဒိဗ္ဗစက္ခုနဲ့ လှမ်းမြင်တော်မူတော့ အပါးမှာရှိတဲ့ ရဟန်းတွေကို အခုလို မိန့်မြွက်တော်မူပါတယ်။

'ရဟန်းတို့၊ ဝေဠုကဏ္ဍမြို့သူ နန္ဒမာတာ ဒါယိကာမကြီးဟာ အဂ္ဂသာဝကနှစ်ပါးအမှူးရှိတဲ့ သံဃာအား

(၁) မလှူမီ ရှေးအဖို့က ကြိုတင်ဝမ်းသာခြင်း၊

(၂) လှူဆဲအခိုက်အချိန်မှာလည်း စိတ်စေတနာကောင်းစွာကြည်လင်နေခြင်း၊

(၃) လှူပြီးနောက်ပိုင်းအချိန်တွေမှာလည်း နှစ်လိုဝမ်းမြောက်စိတ်ဖြစ်ခြင်း...အလှူရှင်အင်္ဂါ(၃)ပါး၊

(၄) အလှူခံတွေကလည်း ရာဂကင်းပြီးသူ၊ ရာဂကင်းဖို့ ကျင့်သုံးနေသူတွေ ဖြစ်ခြင်း၊

(၅) ဒေါသကင်းပြီးသူ၊ ဒေါသကင်းဖို့ ကျင့်သုံးနေသူတွေ ဖြစ်ခြင်း၊

(၆) မောဟကင်းပြီးသူ၊ မောဟကင်းဖို့ ကျင့်သုံးနေသူတွေ ဖြစ်ခြင်း အင်္ဂါ(၃)ပါး၊

http://www.dhammadownload.com



ဤအင်္ဂါ(၆)ပါးနှင့် ပြည့်စုံသောအလှူကို လှူနေခြင်း ဖြစ်သည်။

ချစ်သားတို့၊ မဟာသမုဒ္ဒရာရေကို နှိုင်းယှဉ်ချင့်တွက်၍ မရနိုင်သကဲ့သို့၊ ထို့အတူ ဤအင်္ဂါ(၆)ပါးနှင့် ပြည့်စုံသောအလှူ၏ အကျိုးတရားကိုလည်း နှိုင်းယှဉ်ချင့်တွက်၍ မရစကောင်းပေ"။

ဒါကြောင့် အလှူတစ်ခုမှာ ပြည့်စုံနေရမယ့် အင်္ဂါခြောက်ချက် ညီညွတ်နေရင် အကျိုးကြီးတယ်လို့ မှတ်ရပါမယ်။ အလှူပေးပုဂ္ဂိုလ်တွေဘက်ကလည်း 'မလှူခင်ကြိုတင်လို့ ပျော်ရွှင်၊ လှူဆဲမှာ ကြည်လင်လန်း၊ လှူပြီးလို့ ဝမ်းပန်းသာ' ဆိုတဲ့ အင်္ဂါသုံးရပ်နဲ့ ညီညွတ်ဖို့လိုသလို၊ အလှူခံတွေဘက်ကလည်း ရာဂ၊ ဒေါသ၊ မောဟကင်းပြီးသူဖြစ်ရင်ဖြစ်၊ မကင်းသေးရင်လည်း ရာဂ၊ ဒေါသ၊ မောဟကင်းကြောင်း သူတော်ကောင်းတရားများကို ပွားများအားထုတ်နေသူတွေ ဖြစ်ဖို့ လိုပါတယ်။

## လက်ငင်းအကျိုးပေးတဲ့အလှူ

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် အချိန်တွေတုန်းက ကာကဝလိယဇနီးမောင်နှံ၊ ပုဏ္ဏသူဌေး၊ သုမနပန်းသည်၊ မလ္လိကာစသူတို့လို လက်ငင်းအကျိုးတရား

http://www.dhammadownload.com



ထင်ရှားစွာ ရရှိဖြစ်ပေါ်ခဲ့သူတွေ ရှိခဲ့ပါတယ်။

သူတို့တွေမှာ ဘာလို့ လက်ငင်းအကျိုးကို ရရှိသလဲ လို့မေးရင် သူတို့ရဲ့အလှူဟာ အစွမ်းအာနုဘော်ကြီးမားလို့ပဲ လို့ ဖြေဆိုရပါတယ်။ အစွမ်းအာနုဘော်ကြီးမားတဲ့ အလှူ ဖြစ်အောင် ဘယ်လိုဖြည့်ကျင့်ရပါမလဲ မေးရင်တော့ အဋ္ဌကထာတွေမှာ အင်္ဂါ(၄)ပါး ပြည့်စုံဖို့လိုကြောင်း ပြဆို ထားပါတယ်။

၁။ လှူဖွယ်ပစ္စည်းက တရားသဖြင့် ရှာဖွေရရှိသော ဓမ္မိယလဒ္ဓ ဖြစ်ခြင်း၊

၂။ စေတနာသုံးတန် ပြည့်စုံစွာဖြင့် သဒ္ဓါတရား အလွန် ထက်သန်ခြင်း၊

၃။ အလှူခံပုဂ္ဂိုလ်က ရဟန္တာ၊ အနာဂါမ်ဖြစ်ခြင်း၊

၄။ ထိုအလှူခံသည် နိရောဓသမာပတ်မှ ထပြီးစ အချိန်ဖြစ်ခြင်း။

အဲဒီအင်္ဂါ(၄)ပါးနဲ့ ပြည့်စုံတဲ့အလှူဟာ လက်ငင်း အကျိုးပေးလောက်အောင် အစွမ်းအာနုဘော်ကြီးမား တယ်လို့ ညွှန်ပြထားပါတယ်။

## အလှူစင်ကြယ်ခြင်း (၄)မျိုး

အလှူတစ်ခုခု ပြုလုပ်အားထုတ်ပြီဆိုရင် မိမိပြု

http://www.dhammadownload.com



လုပ်တဲ့အလှူဟာ စင်ကြယ်ဖို့ လိုပါတယ်။ အလှူစင်ကြယ်မှ အကျိုးတရားလည်း တိုးပွားပြည့်စုံနိုင်မှာမို့ပါ။

မြတ်စွာဘုရားက ဒက္ခိဏာဝိဘင်္ဂသုတ်တော်မှာ အလှူစင်ကြယ်အောင် စိစစ်ပြုပြင်စရာနည်း(၄)မျိုး ဟောတော်မူထားပါတယ်။

(၁) အလှူခံကြောင့် မစင်ကြယ်သော်လည်း အလှူဒါယကာကြောင့် စင်ကြယ်သောဒါနတစ်မျိုး၊

(၂) အလှူဒါယကာကြောင့် မစင်ကြယ်သော်လည်း အလှူခံကြောင့် စင်ကြယ်သောဒါနတစ်မျိုး၊

(၃) အလှူခံ၊ အလှူဒါယကာ နှစ်ဖက်လုံး မစင်ကြယ်သော ဒါနတစ်မျိုး၊

(၄) အလှူခံ၊ အလှူဒါယကာ နှစ်ဖက်လုံး စင်ကြယ်သောဒါနတစ်မျိုး။

အဲဒီ(၄)မျိုးထဲမှာ အလှူခံ၊ အလှူဒါယကာ နှစ်ဖက်လုံး မစင်ကြယ်မှုဟာ အကျိုးအနည်းဆုံးဖြစ်ပြီး၊ နှစ်ဖက်လုံး စင်ကြယ်မှုကတော့ အကျိုးအများဆုံး ဖြစ်ပါတယ်။

ဒီနေရာမှာ နှစ်ဖက်လုံး စင်ကြယ်ပြီး အကျိုးအများဆုံး ရရှိစေနိုင်တဲ့ အလှူဒါနတစ်ခုဖြစ်အောင် အခုခေတ်အခြေအနေမှာ ဘယ်လိုမျိုး ပြုလုပ်ဆောင်ရွက်

http://www.dhammadownload.com



သင့်ပါသလဲ၊ အဖြေကတော့ အလှူခံသူ၊ အလှူပေးသူတို့ဟာ နှစ်ဖက်လုံးက သတိပြုပြီးပြင်ဆင်သွားလို့ရပါတယ်။

(၁) အလှူပေးသူတွေဟာ မလှူခင်မှာ ငါးပါးသီလကို ခံယူဆောက်တည်မှု ပြုရမယ်။

(၂) အလှူခံပုဂ္ဂိုလ်တွေကလည်း အလှူမခံခင်မှာ ဒေသနာ ပြောကြားခြင်းစသည်ဖြင့် သီလကို သုတ်သင်ပြီး အလှူခံပုဂ္ဂိုလ်တွေအပေါ် မေတ္တာစိတ် ထားပေး ရပါမယ်။

(၃) သမ္မာအာဇီဝနဲ့ ရှာဖွေရရှိထားတဲ့ငွေကြေးနဲ့ လှူဖွယ် ပစ္စည်းကို ဖန်တီးပေးရပါမယ်။

(၄) အလှူပေးသူတွေဟာ စေတနာသုံးတန် ထက်သန် ညီညွတ်နေဖို့ အစစအရာရာ သတိထားပြီး 'ယောနိသော မနသိကာရ' ဖြစ်အောင် နှလုံးသွင်း နေနိုင်ရပါမယ်။

(၅) ကံကံ၏အကျိုးကို ယုံကြည်မှုသဒ္ဓါတရား ထက်ထက် သန်သန် ဖြစ်ပွားနေစေရပါမယ်။

အဲဒီအချက်(၅)မျိုးနဲ့ ပြည့်စုံအောင် အတတ်နိုင်ဆုံး လိုက်နာကျင့်သုံးပြုပြင်သွားရင် မိမိရဲ့အလှူဟာ စင်ကြယ်တဲ့ အလှူတစ်ခု ဖြစ်လာမှာ သေချာပါတယ်။

http://www.dhammadownload.com



## သဒ္ဓါစိတ်၏အစွမ်း

လောကမှာ သူတော်ကောင်းတွေဟာ ကောင်းမှုကုသိုလ်တွေကို တစ်ခုမဟုတ်၊ တစ်ခုခုတော့ ပြုကြမြဲဖြစ်ပါတယ်။ သူယုတ်မာတွေကလည်း မကောင်းမှု အကုသိုလ်တွေကို တစ်ခုမဟုတ်တစ်ခုကို ပြုကြမြဲပါပဲ။

ကောင်းမှုကုသိုလ်တွေကို တစ်ခုပြီးတစ်ခု ပြုနိုင်ဖို့အတွက် ကိုယ့်စိတ်မှာ 'သဒ္ဓါစိတ်' ရှိနေရမှာပါ။ သဒ္ဓါစိတ်မရှိသူဟာ မကောင်းမှုအကုသိုလ်တွေကိုပဲ တစ်ခုပြီးတစ်ခု ပြုနေနိုင်လို့ပါ။

သဒ္ဓါဆိုတဲ့ ပါဠိရဲ့ မူရင်းသဒ္ဒါအဖွင့်အဓိပ္ပါယ်က (သံ+ဓာ) ကောင်းစွာဆောင်ထားခြင်းပါ။ ဥပမာအနေနဲ့ အလွန်ကြည်လင်ပြီး အနယ်ထိုင်နေတဲ့ရေဟာ လရိပ်၊ လူရိပ်စတာတွေကို မိမိအတွင်းမှာ တည်(ထင်)နေအောင် ဆောင်ထားနိုင်သလို ဖြစ်ပါတယ်။

သဒ္ဓါစိတ်ရဲ့ အစွမ်းကလည်း ကိုယ့်စိတ်မှာ လောဘ၊ ဒေါသစတဲ့ အနယ်တွေထိုင်သွားလို့ ကြည်လင်နေတဲ့စိတ်အစဉ်နဲ့ ဘုရားအာရုံစတာတွေကို တည်(ထင်)နေအောင် ဆောင်ထားနိုင်ပါတယ်။

အဲသလို ဆောင်ထားနိုင်တဲ့ အဓိပ္ပါယ်ကိုပဲ ဘုရားကို ယုံလို့၊ ကိုယ့်စိတ်အစဉ်မှာ ကြည်လင်သွားတဲ့

http://www.dhammadownload.com



အစွမ်းသက်ရောက်ခြင်းကို အစွဲပြုပြီး 'ယုံကြည်ခြင်း' ရယ်လို့ မြန်မာလို ဖွင့်ဆိုထားတာ ဖြစ်ပါတယ်။

ယုံကြည်ခြင်း–သဒ္ဓါစေတ်ကို မြတ်စွာဘုရားက လက်နဲ့တူကြောင်း ဥပမာပေးပါတယ်။ လူတွေမှာလက်ရှိမှ သာ စီးပွားဥစ္စာ၊ ရတနာတွေကို အလိုရှိသလိုကောက်ယူ နိုင်တယ်။ လက်သာမရှိရင် ကိုယ့်ရှေ့မှာ ရတနာသိုက်ကြီး ရှိနေတာတောင် မယူနိုင်ပါဘူး။ ဒါကြောင့် သဒ္ဓါဆိုသော လက်ရှိသူသာ ဒါန၊ သီလ၊ သမာဓိ၊ ပညာ စတဲ့ သူတော် ကောင်းတွေရဲ့ စီးပွားဥစ္စာ၊ ရတနာအဖြာဖြာကို အလိုရှိသလို ရယူအသုံးပြုနိုင်မှာပါ။

ပြီးတော့ သဒ္ဓါစေတ်ကို မျိုးစေ့နဲ့လည်း ဥပမာ ပြုထားပါတယ်။ မျိုးစေ့မရှိခဲ့ရင် ဘယ်လိုအပင်မျိုးမဆို ဖြစ်ပေါ်မလာနိုင်ဘူး။ မျိုးစေ့ရှိမှသာ ကိုယ့်လိုရာအပင်ကို စိုက်ပြီး အသီး၊ အပွင့်တွေကို သုံးဆောင်ခံစားရပါတယ်။ ဒါကြောင့် သဒ္ဓါဆိုသောမျိုးစေ့ရှိသူသာ ဒါန၊ သီလ၊ သမာဓိ၊ ပညာ အပင်တွေကို စိုက်ပျိုးပြီး လူ၊ နတ်၊ နိဗ္ဗာန် သုံးတန် ချမ်းသာ အသီး၊ အပွင့်တွေကို သုံးဆောင်ရနိုင်တာပါ။

နောက်ပြီး စကြဝတေးမင်းရဲ့ ပတ္တမြားရတနာနဲ့ တူကြောင်းလည်း ဥပမာပေးထားပါတယ်။ စကြဝတေး မင်းရဲ့ပတ္တမြားရတနာဟာ ဘယ်လောက်နောက်ကျူတဲ့ရေထဲ

http://www.dhammadownload.com



ချချ၊ ချက်ချင်း ရေကြည်သွားပါတယ်။

သဒ္ဓါစာတ်ရဲ့ အစွမ်းဟာလည်း စိတ်ထဲမှာ နောက်ကျုရေး ကိလေသာတွေ ဘယ်လောက်ပေါ်ပေါ်၊ သဒ္ဓါစာတ်ရောက်သွားတာနဲ့ ကိလေသာအညစ်တွေကို ခဏအတွင်း ပယ်ရှားပစ်ပြီး စိတ်ထဲမှာ ကြည်လင်သွား စေပါတယ်။

### သဒ္ဓါစာတ်ဖြင့် ယုံကြည်ခြင်း

ဗုဒ္ဓဘာသာဝင် သူတော်စင်တွေအဖို့ သဒ္ဓါစာတ် အစွမ်းနဲ့ ယုံကြည်နိုင်စရာတွေဟာ ဘုရား၊ တရား၊ သံဃာ၊ ကံ၊ ကံရဲ့အကျိုးရယ်လို့ (၅)မျိုး ရှိပါတယ်။

၁။ ဘုရားရုပ်ပုံတော်ကို ဖူးမြင်ရင်း ဘုရားဂုဏ် တော်(၉)ပါးကိုရွတ်ပွားကာ တစ်ပါးချင်း စိတ်နဲ့နှလုံးသွင်း ဆင်ခြင်ကြည့်လိုက်ပါ။ ကိုယ့်စိတ်ထဲမှာ ညစ်နွမ်းခြင်း တစ်စုံ တစ်ရာမရှိတော့ဘဲ အလွန်ကြည်လင်လာတာကို တွေ့ရပါ လိမ့်မယ်။

၂။ ဘုရားဟောကြားတဲ့ တရားတော်တွေကို ရွတ်ဖတ်ရင်း တရားသဘောသတ္တိလေးတွေ၊ တရားဂုဏ် တော်တွေကို စိတ်နဲ့ နှလုံးသွင်း ဆင်ခြင်ကြည့်လိုက်ပါ။ ကိုယ့်စိတ်ထဲမှာ ညစ်နွမ်းခြင်းတစ်စုံတစ်ရာမရှိတော့ဘဲ

http://www.dhammadownload.com



အလွန်ကြည်လင်လာတာကို တွေ့ရပါလိမ့်မယ်။

၃။ သံဃာတော်များကို ဖူးမြော်ရင်း အရိယာသံဃာတော်များကိုအာရုံယူပြီး သံဃာ့ဂုဏ်တော်၊ ကျေးဇူးတော်တွေကို စိတ်နဲ့ နှလုံးသွင်း ဆင်ခြင်ကြည့်လိုက်ပါ။ ကိုယ့်စိတ်မှာ ညစ်နွမ်းခြင်းမရှိတော့ဘဲ အလွန်ကြည်လင်လာတာကို တွေ့ရပါလိမ့်မယ်။

၄။ အကုသိုလ်ကံကို ပြုလိုစိတ်ဖြစ်တဲ့အခါ လောဘစသည်ကြောင့်ဖြစ်တဲ့ အကုသိုလ်စေတနာဟာ အပူလား၊ အအေးလား၊ အပြစ်နဲ့လား၊ အပြစ်မဲ့သလား၊ မကောင်းမှုလား၊ ကောင်းမှုလား ဆင်ခြင်ကြည့်ပါ။

ကုသိုလ်ကံကို ပြုလိုစိတ်ဖြစ်တဲ့အခါ အလောဘစသည်ကြောင့်ဖြစ်တဲ့ ကုသိုလ်စေတနာဟာ အပူလား၊ အအေးလား၊ အပြစ်နဲ့လား၊ အပြစ်မဲ့လား၊ မကောင်းမှုလား၊ ကောင်းမှုလား နှလုံးသွင်းဆင်ခြင်ကြည့်ပါ။

ဥပမာ–ဒါနကုသိုလ်ကံတစ်ခုခု ပြုလိုစိတ်ဖြစ်တဲ့အခါမှာ 'ငါ အခုလှူဒါန်းမည့် ဒါနကုသိုလ်ကံသည် ငွေကြေးဘယ်မျှကုန်သွားမည်။ သို့သော် အချည်းနှီးကုန်သွားခြင်းမဟုတ်။ ကုန်သွားသောငွေကြေးထက် အဆပေါင်းများစွာ အဖိုးတန်သော ဒါနကုသိုလ်စေတနာသတ္တိကို ငါရရှိလိုက်သည်။ ဥစ္စာကို ရန်သူမျိုးငါးပါးတို့ လုယူဖျက်ဆီးနိုင်သော

http://www.dhammadownload.com



လည်း ငါ ယခုပြုသော ကုသိုလ်ကံကို ရန်သူမျိုးငါးပါးတို့ မဖျက်ဆီးနိုင်။ ဤဒါနကုသိုလ် စေတနာကံကသာ သံသရာ တစ်လျှောက် နိဗ္ဗာန်ရောက်အောင် ငါ့ကို လမ်းခင်းပို့ဆောင် ပေးလိမ့်မည်'လို့ နှလုံးသွင်းဆင်ခြင်ကြည့်ပါ။ ကိုယ့်စိတ်မှာ ညစ်နွမ်းခြင်းမရှိဘဲ အလွန်ကြည်လင်လာတာကို တွေ့ရပါ လိမ့်မယ်။

၅။ အကုသိုလ်ကံကို ပြုလိုစိတ် ဖြစ်တဲ့အခါ အကုသိုလ်စေတနာကြောင့် ကိုယ့်စိတ်မှာ အပူဓာတ်တွေ တိုးပွားလာတယ်။ အပြစ်ရှိသူ ဖြစ်သွားတယ်။ မကောင်း တဲ့လူညံ့၊ လူဖျင်းတစ်ယောက်အဖြစ် ချက်ချင်းပြောင်းလဲ သွားသလို ခံစားလိုက်ရတာကို ဆင်ခြင်ကြည့်ပါ။

ကုသိုလ်ကံကို ပြုလိုစိတ်ဖြစ်တဲ့အခါ ကုသိုလ် စေတနာကြောင့် ကိုယ့်စိတ်မှာ အအေးဓာတ်တွေ စိမ့်ဝင် ဖြစ်ပေါ်လာတယ်။ အပြစ်ကင်းသူ ဖြစ်သွားတယ်။ ကောင်းသူ တော်သူတစ်ယောက်အဖြစ် ချက်ချင်း ပြောင်း လဲသွားသလို ခံစားလိုက်ရတာကို ဆင်ခြင်ကြည့်ပါ။

ဒါဟာ ကံတရားရဲ့ လက်ငင်းရှုမြင် ဆင်ခြင်ပြီး သိနိုင်တဲ့ အကျိုးတွေပါ။ ဒီဘဝမှာပဲ ကောင်းမှုကံကြောင့် လူချစ်လူခင်ပေါတာ၊ အများက ယုံကြည်အားကိုးတယ်။ ကူညီစောင့်ရှောက်ခံရတာ၊ စီးပွားကျက်သရေတိုးလာ

http://www.dhammadownload.com



တာတွေ အများကြီးပါ။ တမလွန်မှာ သုဂတိဘဝကောင်း ရရှိတာ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို အဆင့်ဆင့်ထောက်ပံ့သမှု ကျေးဇူးပြုသွားတဲ့သဘောတွေကို စိတ်နဲ့ နှလုံးသွင်း ဆင်ခြင် ကြည့်ပါ။ ကိုယ့်စိတ်ထဲမှာ ညစ်နွမ်းခြင်းမရှိဘဲ အလွန် ကြည်လင်လာတာကို တွေ့ရပါလိမ့်မယ်။

## သဒ္ဓါရှိမှ စွန့်လွှတ်ကြ

သူတော်ကောင်းပုဂ္ဂိုလ်တွေဟာ ပါရမီဓာတ်တွေ ပြည့်ဝလာဖို့အတွက် မကောင်းမှုအကုသိုလ်အစွမ်းတွေကို စွန့်လွှတ်ပြီး ကောင်းမှုကုသိုလ်အစွမ်းတွေကို ဘာကြောင့် ပွားများအားထုတ်နိုင်ကြသလဲလို့မေးရင်.. သဒ္ဓါဓာတ် ပြည့်ဝကြလို့ပါ။ သဒ္ဓါဓာတ်မရှိသူဟာ ဘာကုသိုလ်ကိုမှ မယ်မယ်ရရ မပြုလုပ်နိုင်လို့ပါ။

သဒ္ဓါဓာတ်ပြည့်ဝကြတဲ့ ဘုရားအလောင်းစတဲ့ သူတော်ကောင်းကြီးတွေဟာ ဒါနကုသိုလ်ကို ပြုပြီးလည်း စွန့်လွှတ်ရဲကြပါတယ်။ သီလကုသိုလ်ကို ဆောက်တည် ပြီးလည်း စွန့်လွှတ်ရဲကြပါတယ်။ သမထဘာဝနာ၊ ဝိပဿနာဘာဝနာကုသိုလ်တွေကို ပွားပြီးတော့လည်း စွန့်လွှတ်ရဲကြပါတယ်။

http://www.dhammadownload.com



အဲသလို စွန့်လွှတ်ရဲတော်မူကြလို့လည်း ရှေးသူတော်ကောင်းကြီးတွေဟာ ဘဝဒုက္ခ၊ သံသရာမှ လွတ်မြောက်တော်မူသွားခဲ့ကြပါတယ်။

ဒါကြောင့် စွန့်လွှတ်ရဲမှ ကုသိုလ်ဖြစ်မြဲပါ။ ကုသိုလ်ဖြစ်မှလည်း အကုသိုလ်ကံနဲ့ အကျိုးပေးဖြစ်တဲ့ ဒုက္ခဓမ္မာဘေးအမျိုးမျိုးမှ လွတ်ငြိမ်းချမ်းသာခွင့် ရရှိကြမှာ ဖြစ်ပါတယ်။

အဲသလို (အကုသိုလ်ကံ၊ အကျိုးပေး ဒုက္ခဓမ္မာ တွေမှ)လွတ်မြောက်ငြိမ်းချမ်းခြင်းကိုပဲ တဒင်္ဂငြိမ်းတော့ တဒင်္ဂနိဗ္ဗာန်၊ ကြာကြာငြိမ်းတော့ ကြာကြာနိဗ္ဗာန်၊ ထာဝရ ငြိမ်းတော့ 'သန္တိသုခ' ခေါ် ထာဝရနိဗ္ဗာနဓာတ်သဘောကို မျက်မှောက်ပြုနိုင်ပါတော့တယ်။

အဲသလို ငြိမ်းချမ်းခြင်း နိဗ္ဗာနဓာတ်သဘောကို မျက်မှောက်ပြုနိုင်ဖို့အတွက် ဘဝဓမ္မာနဲ့အာရုံဝတ္ထု အစုစု တွေအပေါ်မှာ မတွယ်မတာဘဲ အပါယ်ရွာလားစေမယ့် ကိလေသာတရားဆိုးတွေကို လွတ်လွတ်လပ်လပ် စွန့်လွှတ်ခြင်းဖြင့် ပါရမီကုသိုလ်တရားများကို ဖြည့်ကျင့် အားထုတ်တော်မူသွားကြရမှာပဲ ဖြစ်ပါတယ်။

အရှင်ဇ္ဇုန္တြိယ (သျှင်မိုးဝေ)
(၂၂၊၇၊၂၀၁၃)။

http://www.dhammadownload.com